# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ

## Democratic Party for a New Society(DPNS)

ပါတီစည်းရုံးရေးစာစဉ်

အတွဲ (၁)၊ အမှတ် (၅) ဧပြီလ၊ ၂၀၁၇





## မာတိကာ

၂၁ ရာစုပင်လုံညီလာခံကို ဘယ်အထိ မျှော်ထားသင့်သလဲ စာ ၃

စိတ်ပျက်ဝမ်းနည်းဖွယ် ပုတ်ခတ်ဆဲရေးစကား စာ ၇

၂၀၁၇ခုနှစ်မတ်လ(၇)ရက်နေ့ထုတ် First Music News Journal N0; 529 တွင် စာရေးသူ အထောက်တော်(ရန်ကုန်) ဆက်သွယ်မေးမြန်း တင်ဆက်ခဲ့သည့် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဥက္ကဌ ဦးအောင်မိုးဇော်နှင့်အင်တာဗျူးကို ပြန်လည်ဖော်ပြခြင်း စာ ၈

ဆိုရှယ်ဒီမိုကရေစီသဘောတရား စာ ၁၂

# ပြော ချင် တဲ့ အ ကြောင်း

## လူထုဆန္ဒသဘောထားကို အထူးအလေးထားဖို့လိုပါသည်

၁၄၊၃၊၂၀၁၆ ရက်နေ့က ပြည်သူ့လွှတ်တော်မှာ ချောင်းဆုံ–မော်လမြိုင် တံတားကို ဗိုလ်ချုပ်အောင်ဆန်းတံတားဟု အမည်ပေးရေးအဆိုကို ထောက်ခံမဲ ၂၁၇ မဲ၊ ကန့်ကွက်မဲ ၄၃ မဲ၊ ကြားနေမဲ ၁၁၆ မဲနှင့် ပြည်သူ့လွှတ်တော်က အတည်ပြုလိုက်ကြောင်း ၁၅ ရက်နေ့ထွက် အစိုးရသတင်းစာတွေမှာ ဖတ်လိုက်ရသည်။

မိမိတို့အနေနှင့် အလွန်အင်မတန်ပင် အံ့သြမိသည်။

မွန်ပြည်နယ်ကတံတားကို မွန်ပြည်သူလူထု၏ ဆန္ဒမပါဘဲ ဗိုလ်ချုပ်အောင်ဆန်းတံတားဟု အမည်မပေးရန် ဆန္ဒပြတောင်းဆိုခဲ့ကြသည့် လူထုလှုပ်ရှားမှုကို မတ်လ ၂ ရက်နေ့က တွေ့ခဲ့ကြရသည်။ ဆန္ဒထုတ်ဖော်ပွဲတွင် မွန်အမျိုးသမီးတွေ၊ မွန်အမျိုးသားတွေ၊ မွန်ကျောင်းသူ ကျောင်းသားတွေ၊ မွန်လူငယ်တွေ၊ မွန်သံဃာတော်တွေ စိတ်အားထက်သန်စွာ၊ တက်ကြွစွာပါဝင်ခဲ့ကြသည်။ ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့ကြသည်။

ထိုနေ့က ဆန္ဒထုတ်ဖော်ပွဲတွင် ပါဝင်ခဲ့ကြသူများကို ဗိုလ်ချုပ်အောင်ဆန်းအပေါ် ဘယ်လိုမြင်ပါသလဲလို့ မေးကြည့်ကြစေချင်ပါသည်။

သူတို့အားလုံး ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေးတန်ဖိုးကို နားလည်ကြသည်။ အလေးအမြတ်ပြုကြသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ရိုးသားမှု၊ ပေးဆပ်မှုနှင့် လူထုဆန်မှုကို ချစ်ခင်ကြသည်။ မြတ်နိုးကြသည်။ လေးစားတန်ဖိုးထားကြသည်ဟု တညီတညွတ်တည်း ဖြေကြလိမ့်မည်ဟု ယုံကြည်သည်။

ဗိုလ်ချုပ်အောင်ဆန်းအပေါ် ထိုသို့သဘောထားရှိကြပေမယ့် မွန်ပြည်နယ်က တံတားကိုတော့ မွန်ပြည်နယ်သားများကိုယ်တိုင် သူတို့ရင်ထဲကအမည်၊ သူတို့အိပ်မက်ထဲကအမည်၊ သူတို့စိတ်ကူးစိတ်သန်းထဲကအမည်ကို ကြည်ကြည်နူးနူး ဂုဏ်ယူဝမ်းမြောက်စွာ ပေးချင်ကြပေလိမ့်မည်။

သည်ဆန္ဒသည်သဘောထားက သဘာဝကျသည်။ ဖြစ်လည်းဖြစ်ထိုက်ပါသည်။

အမျိုးသားတန်းတူခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို လုအယူခံထားရသည်မှာ လွှပ်လပ်ရေးရသည့်နှစ်ကစတွက်လျှင် နှစ်ပေါင်း ၇၀ ရှိခဲ့ပြီ။ တဖက်သတ် ဗိုလ်ကျအနိုင်ကျင့်ပြီး ‘ငါပြောတာသာအတည်’ ဆိုသည့် ယဉ်ကျေးမှုဆိုးတွေ အဆုံးသတ်သင့်ပါပြီ။

တံတားအမည်ပေးသည့်ကိစ္စလောက်ထိ ပြည်သူ့လွှတ်တော်ကလည်း အပိုခေါင်းမခဲသင့်ဟု ထင်မိပါသည်။ မွန်ပြည်နယ်ကတံတားကို မွန်ပြည်နယ်သားများကိုယ်တိုင် ကဗျည်းထိုးခွင့်ရှိကြရမည်ဟု ယုံကြည်ယူဆမိပါသည်။

**အယ်ဒီတာအဖွဲ့**

၁၆၊ ၃၊ ၂၀၁၇


စီ စဉ် သူ များ

ဦးငွေလင်း
ဦးသီဟာထွဋ်ခင်
ဒေါ်နှင်းနှင်းမွှေး
ဦးအောင်မျိုးဦး

ထုတ် လုပ် သူ များ

ကိုမြတ်လင်းထွေး
မရွှေရည်လင်းထင်

Main ပုံနှိပ်တိုက်(၀၁၁၁၉)
အမှတ်(၁၉၁)၊ ၃၉ လမ်း(အလယ်)
ကျောက်တံတားမြို့နယ်တွင်
စောင်ရေ - ၁၀၀၀ ရိုက်နှိပ်၍
ပါတီတွင်းကန့်သတ်အဖြစ်
အခမဲ့ဖြန့်ဝေသည်


## ဗဟိုဦးစီးချုပ်ကိုင်မှု လျှော့ချခြင်းနှင့် ပြည်နယ်ပေါင်းစု ပြည်ထောင်စုစနစ် (လူမျိုးတိုင်း တန်းတူညီမျှသော အခွင့်အရေးရရှိရေး)

အစိုးရသည် ပြည်နယ်ပေါင်းစုပြည်ထောင်စုစနစ်ကို ထိန်းသိမ်းကာကွယ်ရမည့်အပြင် ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်နယ်ပေါင်းစုပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် ဒေသန္တရအုပ်ချုပ်ရေး အဆောက်အဦများကြား အာဏာခွဲဝေမှု၊ ထိန်းညှိမှုတို့ ထားရှိရမည်။

ပြည်နယ်တိုင်းသည် ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်အညီ သက်ဆိုင်ရာပြည်နယ်အလိုက် ဥပဒေပြုပိုင်ခွင့်၊ စီမံအုပ်ချုပ်ပိုင်ခွင့်နှင့် တရားစီရင်ပိုင်ခွင့်အာဏာများ ပါဝင်ပြဋ္ဌာန်းထားသော ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲနိုင်ရမည်။

ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များအနေဖြင့် တိကျသော လုပ်ပိုင်ခွင့်၊ အာဏာပိုင်ခွင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရှိစေရမည်။

# ၂၁ ရာစုပင်လုံညီလာခံကို ဘယ်အထိ ရွှေ့ထားသင့်သလဲ

■ ငွန်မှိုင်း ■

၂၁ ရာစု ပင်လုံညီလာခံကို ဖေဖော်ဝါရီ ၂၈ ရက်နေ့မှာ ဒုတိယအကြော့ ပြန်စမယ်လို့ စပြီးကြေညာပါတယ်။

မစနိုင်တော့တာနှင့် နောက်တစ်ခါ မတ်လထဲမှာမှ ပြန်စမယ်လို့ ပြောင်းပြောရတယ်။

ယခု မတ်လထဲမှာ မဖြစ်နိုင်တော့တဲ့အတွက် ဧပြီလထဲရောက်မှပဲ ပြန်စမယ်လို့ ရွှေ့ပြီး ပြောရပြန်ပါတယ်။

ဘာကြောင့်ပါလဲ။

ပြန်စမယ့်ရက်က အခုလို မရေမရာ၊ မသေမချာတွေ ဘာကြောင့် ဖြစ်နေရတာလဲ။

အဖြေကတော့ ရှင်းပါတယ်။ အဆင်သင့် မဖြစ်သေးလို့ ရွှေ့ရွှေ့ပြီး ပြောနေရတာ ဖြစ်ပါတယ်။

NCA မှာပါတဲ့ လမ်းပြမြေပုံ (၇) ဆင့်အရပဲ စဉ်းစားကြည့်ပါဦး။ အဲဒီလမ်းပြမြေပုံအတိုင်း သွားမယ်ဆိုရင် တောင်အဆင့်(၃)က ...

(ဂ) ထို ''နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်''(The framework for Political Dialogue) ကိုအခြေခံ၍ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပခြင်း၊ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်းကိစ္စရပ်များ၊ လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခြင်းနှင့် နှစ်ဖက်သဘောတူညီသော ကြိုတင်ဆောင်ရွက်ဖွယ်ရာများကို လုပ်ဆောင်ခြင်းလို့ ဖော်ပြထားပါတယ်။

NCA ကို လက်မှတ်ထိုးထားတဲ့ ရှစ်ဖွဲ့မှာတောင် အမျိုးသားအဆင့် ဆွေးနွေးပွဲတွေ ဘယ်လောက်ပြီးစီးကြပြီလဲ။

ကျနော် လေ့လာမိသလောက်ဆိုရင်

ကရင်ပြည်နယ်မှာ အမျိုးသားအဆင့် ဆွေးနွေးပွဲတစ်ခု ပြုလုပ်ပြီးသွားပြီ။

ချင်းပြည်နယ်မှာ အမျိုးသားအဆင့် ဆွေးနွေးပွဲ ပြုလုပ်ခွင့် မပြုဘဲ အချိန်တစ်ခုကန့်သတ်ထားခဲ့တယ်။ ပြဿနာတက်တော့မယ့် အခြေအနေရောက်လာမှ ခွင့်ပြုပေးခဲ့တယ်။

ရခိုင်ပြည်နယ်မှာ ယနေ့အထိ ပြုလုပ်ခွင့် မပြုသေးဘဲ ကန့်ထားဆဲဖြစ်တယ်။

ရှမ်းပြည်မှာ အမျိုးသားအဆင့်ဆွေးနွေးပွဲကို တောင်ကြီးမှာ လုပ်ခွင့်မပြုဘူးဆိုပြီး အငြင်းပယ်ခံနေရတယ်။ ဒီကြားထဲမှာ လက်မှတ်ထိုးထားတဲ့ RCSS နှင့် အစိုးရတပ်အကြား တိုက်ပွဲတွေ ပြန်ဖြစ်နေတယ်။

ABSDF က ဦးဆောင်ပြီး ငြိမ်းချမ်းရေးဆိုင်ရာ အလုပ်



ရုံဆွေးနွေးပွဲတွေ မြို့ကြီးအချို့မှာ လိုက်ပြီး ပြုလုပ်နေတာ တွေ့ရတယ်။ တပြိုင်နက်တည်းမှာ ABSDF ခေါင်းဆောင် ဦးမင်းဌေးကို စစ်တပ်က ဖမ်းဆီးထားပြီး ပုဒ်မ ၁၇/၁ နှင့် တရားစွဲထားတယ်။

ဒီလိုအခြေအနေမျိုးမှာ ဘယ်လိုလုပ်ပြီး ရှေ့ဆက်တက်လို့ ရတော့မလဲ။

ဒီလိုအခြေအနေတွေကို မျက်ကွယ်ပြုပြီး အဆင်သင့်ဖြစ်တယ်လို့ အတင်းယူဆပြီး ဖွင့်ပြန်စမယ်ဆိုရင် ငြိမ်းချမ်းရေးဆွေးနွေးပွဲက ''မြင်းဖောင်းကိုတော့ရောက်ပြီ၊ မြင်းစာကမရှိသေး'' ဆိုတဲ့ တရုပ်စကားပုံလို ဖြစ်သွားလိမ့်မယ်။

ဒါက NCA ကို လက်မှတ်ထိုးထားတဲ့ ရှစ်ဖွဲ့ကိစ္စကိုပဲ စဉ်းစားကြည့်သေးတာ ဖြစ်ပါတယ်။ NCA ကို လက်မှတ်မထိုးထားသေးတဲ့ အဖွဲ့တွေကိစ္စကိုပါ ထည့်တွက်ရင် အဆင်သင့်ဖြစ်မှုဟာ အတော့်ကို နည်းပါးသွားပါလိမ့်မယ်။

NCAကို လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေမှာက ၂ ပိုင်းရှိမယ်။ တပိုင်းက UNFC အဖွဲ့ဝင်အဖွဲ့အစည်းတွေ၊ နောက်တပိုင်းက UWSA အပါအဝင် အခြားအဖွဲ့အစည်းတွေ။

အဲဒီအဖွဲ့အစည်းတွေမပါဘဲ ရှစ်ဖွဲ့တည်းနှင့်လုပ်တဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲကရော ပြည့်စုံတဲ့ဆွေးနွေးပွဲ ဖြစ်နိုင်ပါတော့မလား။ တစ်နိုင်လုံးကိုလွှမ်းခြုံတဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ဖြစ်နိုင်ပါဦးမလား။

ကျနော့်လေ့လာချက်အရ ပြောရရင် NCA ကို လက်မှတ်ထိုးထားတဲ့အဖွဲ့တွေက လက်နက်ကိုင်တော်လှန်ရေး အင်အားစုများရဲ့ ၂၀ ရာခိုင်နှုန်းပဲရှိပြီး လက်မှတ်မထိုးရသေးတဲ့ အဖွဲ့တွေက ၈၀ ရာခိုင်နှုန်း ရှိတယ်လို့ သိရပါတယ်။ ဒါဆို

ဒီအဖွဲ့အစည်းတွေအားလုံး ပါဝင်လာအောင်လုပ်ရေးဟာ အခရာကျတဲ့အလုပ် ဖြစ်နေပါပြီ။

ဒါက ဘယ်လိုမှ ကျော်သွားလို့မရတဲ့ ဆက်ထုံးတစ်ခု ဖြစ်နေပါပြီ။

ဒါကို ဘယ်လိုကျော်မလဲ။ အင်အားစုတွေ အကုန်လုံး ပါဝင်တက်ရောက်လာအောင် ဘယ်လိုခေါ်ကြမလဲ။

ဒေါ်အောင်ဆန်းစုကြည်က NCA လက်မှတ်ရေးထိုးခြင်း နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားမှာ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ဥက္ကဋ္ဌ အနေနှင့်ရော၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် အနေနှင့်ပါ မိန့်ခွန်းတစ်ရပ် ပြောခဲ့ပါတယ်။ အဲဒီမိန့်ခွန်းထဲမှာ ရှေ့ဆက်သွားမယ့် ငြိမ်းချမ်းရေးဆိုင်ရာ လုပ်ငန်းစဉ် ၇ ရပ်ကို ထည့်သွင်းပြောဆိုခဲ့ပါတယ်။

''ပထမအားဖြင့် နိုင်ငံရေးဆွေးနွေးမှုမူဘောင် ပြန်လည်သုံးသပ်ရမှာဖြစ်ပါတယ်။

ဒုတိယအားဖြင့် နိုင်ငံရေးဆွေးနွေးမှုမူဘောင် ပြန်လည်ပြင်ဆင်ရမှာဖြစ်ပါတယ်။ ဒီလိုသုံးသပ်ပြင်ဆင်တဲ့နေရာမှာ အားလုံးပါဝင်နိုင်အောင်လို့ ကျွန်မတို့ အတတ်နိုင်ဆုံး စီစဉ်ထားပါတယ်။

နောက်ပြီးတော့လည်း ပြင်ဆင်အတည်ပြုပြီးဖြစ်သော နိုင်ငံရေးဆွေးနွေးမှုမူဘောင်နဲ့အညီ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–၂၁ ရာစု ပင်လုံ ကျင်းပခြင်းပဲ ဖြစ်ပါတယ်။

ကျွန်မတို့ အခုဆိုရင် ၂၁ ရာစု ပင်လုံညီလာခံရလဒ်များအား စုစည်းပြီး ပြည်ထောင်စု သဘောတူညီချက် (21 st Century Panglon Conference Agreement) လက်မှတ်ထိုးခြင်းကိုဦးတည်ရပါမယ်။

ပြည်ထောင်စုသဘောတူညီချက်နဲ့အညီ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးသားခြင်း၊ အတည်ပြုခြင်းကို နောက်တစ်ဆင့် သွားရပါမယ်။

နောက်တစ်ဆင့်ကျတော့ ပြင်ဆင်ရေးသား အတည်ပြုပြီးဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများ ကျင်းပဖို့ဖြစ်ပါတယ်။

နောက်ဆုံးအဆင့်ကတော့ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲရလဒ်နဲ့အညီ ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ဖို့ပဲဖြစ်ပါတယ်။''

ကျနော့်အမြင် တော်တော်လေး ကြည့်လို့ကောင်းတဲ့၊ နှိုင်းယှဉ်ချက်အရ လက်တွေ့ပိုကျတယ်လို့ ဆိုနိုင်တဲ့ လုပ်ငန်းအဆင့်များ ဖြစ်ပါတယ်။ ဒါကြောင့်ပဲ ဖြစ်ပါလိမ့်မယ်။ UNFC က ၂၇၊၁၊၂၀၁၇ ရက်နေ့ရက်စွဲနှင့် ထုတ်ပြန်ခဲ့တဲ့ သဘောထားကြေညာချက်မှာ အောက်ပါသဘောထားကို ထည့်သွင်းဖော်ပြခဲ့ပါတယ်။

''တိုင်းပြည်နှင့်လူထုအကျိုးကိုရှေ့ရှု၍ တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်း ပွင့်နေသမျှကာလပတ်လုံး မိမိတို့အနေဖြင့် စေ့စပ်ညှိနှိုင်းအဖြေရှာရေးနည်းလမ်းဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ NLD အစိုးရ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးမူဝါဒ (၇) ရပ်ကို လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်မှုတွင် အပြုသဘောချဉ်းကပ်၍ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်''

ကျနော့်အမြင် ဒေါ်အောင်ဆန်းစုကြည်က သို့မဟုတ် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟို ဌာန (NRPC) က ဦးဆောင်ပြီး ကနဦးဆောင်ရွက်ရမှာ ၂ခု ရှိပါတယ်။ ဒါကတော့ လုပ်ငန်းစဉ် ၇ ရပ်ထဲက အဆင့်(၁)နှင့် အဆင့်(၂) ဖြစ်ပါတယ်။

အဲဒီအဆင့်၂ ခု က ဘယ်လောက်ပြီးစီးသွားပြီလဲ။

နိုင်ငံရေးဆွေးနွေးမှုမူဘောင်ကို ဘယ်လိုသုံးသပ်ပြီး ဘယ်လောက်ပြင်ဆင်လိုက်နိုင်ပြီလဲ။

အဲဒီလို ပြင်ဆင်ကြတဲ့ဖြစ်စဉ်မှာ အားလုံးပါဝင်နိုင်အောင် ဘယ်လောက်အထိဆောင်ရွက်ပြီးသွားကြပြီလဲ။ ဒီလိုပြင်ဆင်မှုအပေါ်မှာ ၂ဖက်အင်အားစုတွေအကြား ဘယ်လောက်ကျေလည်သွားပြီး ဘယ်လောက် သဘောတူသွားကြပြီလဲ။

ဒီမေးခွန်းတွေက မဖြေချင်လို့မရတော့ဘူး။

အဖြေမရှိတဲ့ မေးခွန်းတွေအဖြစ် ပေကပ်ကပ် ရပ်နေလို့ မရတော့ဘူး။

ကျနော် သိသလောက်တော့ အားရကျေနပ်ဖွယ် အဖြေအထိ မရောက်ကြသေးဘူး။ လမ်းခုလတ်မှာပဲ ရှိနေပါသေးတယ်။ ဆက်ပြီးညှိစရာ၊ ဆက်ပြီးဆွေးနွေးစရာ အများကြီးကျန်နေပါသေးတယ်။ တဝက်တပျက် တို့လို့တန်းလန်းနှင့် ဆက်သွားလို့ရတဲ့ခရီးမျိုး မဟုတ်တဲ့အတွက် အချိန်တစ်ခုယူဖို့ လိုအပ်ရင် ယူပြီး ဆက်ညှိကြရမှာ ဖြစ်ပါတယ်။

အဆင့်၂ မပြီးသေးပဲ အဆင့်၃ က ဘယ်လိုမှ ဆက်သွားလို့မရပါဘူး။

အဆင့် ၁ နှင့် ၂ ကို နှစ်ဖက် ကျေနပ်သဘောတူသွားမှ ဆက်သွားလို့ရမှာ ဖြစ်ပါတယ်။

ဒါတွေကို ကြိုမြင်လို့ UNFC က အချက် ၉ ချက်ပါ သဘောထားကို အစောကြီးကတည်းက တင်ပြထားတာ ဖြစ်ပါတယ်။ ကြေညာချက်ထဲမှာ ရှေ့ကတင်ပြထားတဲ့ အချက် ၈ ချက်ကို ညှိလို့နှိုင်းလို့ရရင် NCA ကို လက်မှတ်ထိုးမယ် ဆိုပြီး UNFC ရဲ့သဘောထားကို အတိအလင်း ဖော်ပြထားပါတယ်။

ဒါကို အလေးထားဖို့ လိုအပ်ပါတယ်။ ဒီတင်ပြချက်ကို အရေးတယူ အလေးထားပြီး ညှိကြရမှာဖြစ်ပါတယ်။ ဒီကြေညာချက်ရဲ့ အနှစ်ချုပ်က

၁။ အပစ်ရပ်ရေးကို တပ်ဘက်က စပြီးကြေညာဖို့။

၂။ ဒီမိုကရေစီ၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အပြည့်အဝအာမခံတဲ့ ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို သဘောတူဖို့။

၃။ အင်အားစုအားလုံးပါဝင်ရေးနှင့် သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးရေး အခြေခံပေါ်မှ ဆွေးနွေးသွားကြဖို့။

၄။ ဆွေးနွေးပွဲရလဒ်တွေကို အခြေခံပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ အပါအဝင် ဥပဒေတွေကို ရေးဆွဲသွားကြဖို့။

၅။ နိုင်ငံရေးဆွေးနွေးမှု မူဘောင်တွေအပါအဝင် နှစ်ဖက်လိုက်နာရမယ့် စည်းမျဉ်းစည်းကမ်းတွေ ပြန်ညှိဖို့။

၆။ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ပူးပေါင်းစောင့်ကြည့်ရေး ကော်မတီမှာ နိုင်ငံတကာက အစိုးရကိုယ်စားလှယ်အချို့ပါ ထည့်သွင်းဖွဲ့စည်း ကြီးကြပ်သွားဖို့။

၇။ ပြည်တွင်းနှင့် နိုင်ငံတကာမှ ဥပဒေပညာရှင်များ၊ တရားသူကြီးများပါဝင်သည့် ကော်မရှင်ဖွဲ့စည်းထားပြီး အပစ်အခတ်ရပ်စဲရေးကိစ္စများ ဆောင်ရွက်နေရင်း မပြေလည်မှုများဖြစ်ပေါ်လာပါက ဖြေရှင်းပေးဖို့။

၈။ အပစ်ရပ်ဒေသများအတွင်း စီမံကိန်းကြီးများဆောင်ရွက်လျှင် ဒေသခံ တော်လှန်ရေးအင်အားစုများ၊ ဒေသခံပြည်သူများနှင့် ညှိနှိုင်းဆောင်ရွက်ဖို့ ဆိုတဲ့အချက်တွေ ဖြစ်ပါတယ်။ ကျနော့်အမြင် နိုင်ငံရေးဆွေးနွေးဖက်အဖြစ် တစ်ဖက်ကိုတစ်ဖက် အပြန်အလှန် လေးစားအသိအမှတ်ပြုကြမယ်ဆိုရင် ဒီ ၈ ချက်ဟာ ညှိလို့မရစရာ ဘာအကြောင်းမှမရှိဘူးလို့ ယူဆပါတယ်။

ပြီးခဲ့တဲ့ မတ်လဆန်းကတော့ နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ်နှင့်ရော၊ ငြိမ်းချမ်းရေးကော်မရှင်ရော UNFC နှင့် ဒီ ၈ ချက်ကို ညှိကြနိုင်းကြလုပ်ကြတာ တွေ့ရပါတယ်။ ညှိနှိုင်းပွဲအပြီး တစ်စုံတရာ ညှိလို့ရကြတယ်လို့ နှစ်ဖက်လုံးက တာဝန်ရှိသူများ ပြောဆိုကြတာ တွေ့ရပါတယ်။

ညှိနေကြတယ်ဆိုရင်ကို ဒါက သတင်းကောင်း ဖြစ်နေပါပြီ။

ညှိလို့ တစ်စုံတရာ အဆင်ပြေတယ်။ ဆက်ညှိသွားကြမယ်ဆိုတဲ့ သတင်း ကြားကြရပါတယ်။ ငြိမ်းချမ်းရေးလိုချင်ရင် တစ်ဖက်နှင့် တစ်ဖက် အပြန်အလှန်တန်ဖိုးထားပြီး အထူးသဖြင့် ပြည်သူလူထုတွေရဲ့ အကျိုးစီးပွားအပေါ် တည့်တည့်မတ်မတ်မျက်နှာမူပြီး စိတ်ရှည်လက်ရှည် ညှိနှိုင်းတာကလွဲလို့ အခြားနည်း မရှိပါဘူး။

ညှိချင်ယောင်ဆောင်ပြီး၊ ညှိချင်ယောင်ဆောင်ပြီး နောက်မှ အဖျားတွေရှူးသွားပြီး သေနပ်တွေပြန်ဖေါက်တာမျိုး မဖြစ်ဖို့ဘဲ လိုပါတယ်။

တကယ်ညှိရင် တကယ်ညီသွားနိုင်တဲ့ တင်ပြချက်တွေ ဖြစ်တယ်လို့ ကျနော့်အနေနှင့် ယုံကြည်ပါတယ်။

ဒါက UNFC အဖွဲ့ဝင်အဖွဲ့အစည်းများ ပါဝင်လာနိုင်ရေး ညှိနှိုင်းနေမှုများ ဖြစ်ပါတယ်။

နောက်တပိုင်းက UWSA အပါအဝင် အခြားအဖွဲ့အစည်းတွေကိစ္စ။

NCA ရဲ့ မပြည့်မစုံဖြစ်မှုတွေ၊ အဲဒီ မပြည့်မစုံဖြစ်မှုတွေအရ နောက်ဆက်တွဲ ဖြစ်ရပ်ဆိုးတွေကြောင့် ဖေဖေါ်ဝါရီ ၂၂ ကနေ ၂၄ အထိ ပန်ခမ်းမှာ NCA လက်မှတ်မထိုးထားသေးတဲ့ တိုင်းရင်းသားတော်လှန်ရေးအင်အားစုများရဲ့ ထိပ်သီးအစည်းအဝေးတစ်ခု ပြုလုပ်ခဲ့ကြတယ်။

ဒီအစည်းအဝေးကနေပြီး ၂၄၊၂၊၂၀၁၇ ရက်နေ့ နေ့စွဲနှင့် အချက် ၉ ချက်ပါ ပန်ခမ်းအစည်းအဝေးထုတ်ပြန်ကြေညာချက်ကို ထုတ်ပြန်ကြေညာလိုက်ပါတယ်။

ဒီကြေညာချက်ထဲမှာ အရေးအကြီးဆုံးအချက်များက

၁။ မြောက်ပိုင်းမဟာမိတ်အဖွဲ့အစည်းများအား အကြမ်းဖက်အဖွဲ့အစည်းများဟု သတ်မှတ်ထားခြင်းကို ချက်ချင်း ရုပ်သိမ်းပေးရန်။

၂။ မြန်မာ့တပ်မတော်က ထိုးစစ်တွေ ချက်ချင်းရပ်စဲပေးရန်။

၃။ လက်နက်ကိုင်တော်လှန်ရေးအင်အားစု အားလုံးပါဝင်ပြီး တန်းတူရည်တူဆွေးနွေးရန်။

၄။ တရားမျှတမှုရှိသော အပစ်အခတ်ရပ်စဲရေး စာချုပ်ဖြင့် NCA ကိုအစားထိုးရန်။

၅။ စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန် စတဲ့အချက်တွေ ဖြစ်ပါတယ်။

ဒီသဘောထားကြေညာချက်ကိုကြည့်ရင် NCA ကိုလုံးဝသဘောမတူကြောင်း ထင်ရှားနေပါတယ်။

ဒါဆို ဒီသဘောထားအပေါ်မှာ စုဖွဲ့ထားတဲ့အင်အားစုတွေကို ဘယ်လိုညှိမလဲ။

ဒီအင်အားစုတွေ မပါဘဲ ဆက်သွားရင်ရော ပြည့်စုံတဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ဖြစ်နိုင်ပါ့မလား။

ကျနော့်အမြင်အရ မညှိဘဲ ဘယ်လိုမှ ရှေ့ဆက်တက်ဖို့ မသင့်လျော်ပါဘူး။ ပြီးခဲ့တဲ့ရက်ပိုင်းက ဒေါ်အောင်ဆန်းစုကြည်က UWSA ဥက္ကဋ္ဌကို တွေ့ဆုံဖို့ ရန်ကုန်ကို ဖိတ်ခေါ်ထားတယ်လို့ သိရပါတယ်။ ဒီလို တလေးတစား ဖိတ်ကြားတာဟာ ကောင်းတဲ့ကိစ္စဖြစ်ပါတယ်။

NCA အပေါ်ပဲဖြစ်ဖြစ်၊ နိုင်ငံရေးဆွေးနွေးမှုမူဘောင်အပေါ်ပဲဖြစ်ဖြစ် မတူတဲ့အမြင်တွေ ရှိနေကြတယ်၊ လက်ရှိအတိုင်း သဘောမတူကြဘူးဆိုတာက လက်တွေ့အရှိတရား

ဖြစ်နေပါပြီ။

NCA ကို ပြင်ဆင်ပြီးသွားမလား။

NCA ကိုချန်ထားခဲ့ပြီး ပိုမိုပြည့်စုံကောင်းမွန်တဲ့ အပစ်အခတ်ရပ်စဲရေး စာချုပ်အသစ်နှင့် သွားမလား။

နှစ်မျိုးပေါင်း သို့မဟုတ် သုံးမျိုးပေါင်းရဲ့ မူ့ခြေတစ်ခု ရှာပြီး သွားမလား။ ဒါတွေကို ခေါင်းအေးအေးထားပြီး ဆွေးနွေးကြရပါလိမ့်မယ်။

မြန်မာနိုင်ငံရဲ့ ပြည်တွင်းစစ်ပြဿနာကို နိုင်ငံရေးပြဿနာလို့ ရှုမြင်ပြီး နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနှင့် ဖြေရှင်းကြမယ်ဆိုတဲ့ သန္နိဋ္ဌာန်ကို နှစ်ဖက်လုံးက အခိုင်အမာချပြီး ပြဿနာ ပြေလည်သွားသည်အထိ တန်းတူရည်တူ ညှိကြရပါလိမ့်မယ်။

ညှိနေဆဲကာလမှာ စစ်ပွဲတွေ ရပ်ထားဖို့ လိုပါလိမ့်မယ်။ ပြဿနာတိုင်း ပြဿနာတိုင်းကို လက်နက်နှင့်မဖြေရှင်းဘူး၊ စစ်ရေးနည်းနှင့် မဖြေရှင်းဘူး၊ စားပွဲဝိုင်းမှာ တွေ့ဆုံဆွေးနွေးတဲ့နည်းနှင့်ပဲ အဖြေရှာကြမယ်ဆိုတဲ့ ဖြေရှင်းနည်းသဏ္ဍာန်ကို နှစ်ဖက်လုံးက အခိုင်အမာချမှတ်ကြရပါလိမ့်မယ်။ ပြည်ထောင်စုသား အချင်းချင်းကြားက အကွဲအလွဲ၊ ညီအကိုချင်းဖြစ်ကြရတဲ့ ပဋိပက္ခလို့ သဘောထားပြီး သူမနာ ကိုယ်မနာ ဖြေရှင်းယူကြရမှာ ဖြစ်တယ်လို့ ခံယူကြရပါလိမ့်မယ်။

အဲဒီလို စိတ်ထားတွေနှင့် အဲဒီလို သန္နိဋ္ဌာန်တွေနှင့် ဆွေးနွေးကြမယ်ဆိုရင် ကွဲလွဲနေတာတွေအားလုံးကို ကျေလည်သွားတဲ့အဆင့်ထိ ညှိလို့ သေချာပေါက် ရသွားမှာ ဖြစ်တယ်လို့ ကျနော် အခိုင်အမာ ယုံကြည်ပါတယ်။

ဒီနေ့ ကျေလည်သွားပြီဆိုရင် မနက်ဖြန်မှာ ၂၁ ရာစု ပင်လုံညီလာခံကို ပြန်စကြဖို့ ဖြစ်ပါတယ်။

၂၁ ရာစု ပင်လုံညီလာခံ ဒုတိယအကြိမ် ချောချောမောမော ပြန်စနိုင်ရေးအတွက် လိုအပ်တဲ့ ညှိနှိုင်းပြင်ဆင်မှုများကို ခေါင်းဆောင်အသီးသီးက အမြော်အမြင်ကြီးကြီးနှင့် ညှိနှိုင်းနိုင်ကြပါစေလို့ ဆန္ဒပြုပါတယ်။

မြန်မာနိုင်ငံ တစ်နံတစ်လျားက ငြိမ်းချမ်းရေးကို ငတ်မွတ်နေကြတဲ့ လူမျိုးစုံ ပြည်သူတွေအတွက် ကြိုးစားပမ်းစား ညှိနှိုင်းဆွေးနွေး အဖြေရှာပေးကြပါလို့လည်း တာဝန်ရှိသူအားလုံးကို အလေးအနက် တိုက်တွန်းလိုက်ပါတယ်။

■ ငွန်မှိုင်း

*၁၈၊၃၊၂၀၁၇*

*(ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ ၁၄၁ နှစ်မြောက် မွေးနေ့ကို ဂုဏ်ပြုလျက်. . . )*

## ငြိမ်းချမ်းရေး၊ လူသတ်ဝါဒဆန့်ကျင်ရေး နိုင်ငံရေးစကားဝိုင်း




နှစ် ၇၀ ပြည့် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ''ငြိမ်းချမ်းရေး၊ လူသတ်ဝါဒဆန့်ကျင်ရေး'' ခေါင်းစဉ်ဖြင့် နိုင်ငံရေးစကားဝိုင်းကို ၁၃၊ ၂၊ ၁၇ ရက် နေ့လည်ပိုင်းတွင် ဗိုလ်တထောင်မြို့နယ်ရှိ ရှရီရာမခရစ်ရှနခန်းမ၌ ကျင်းပရာ အဖွင့်အမှာစကားကို ကရင်အမျိုးသားပါတီဥက္ကဋ္ဌ မန်းသိန်းဇွေက ပြောကြားပေးခဲ့ပါသည်။ ထို့နောက် ငြိမ်းချမ်းရေးခေါင်းစဉ်ဖြင့် ဒေါက်တာအမ်ကွန်လ(KNC)၊ ဦးချစ်ဆောင် (ဆရာကြီးသခင်ကိုယ်တော်မှိုင်း ငြိမ်းချမ်းရေးကွန်ရက်)၊ ကိုကောင်းထက်ကျော်(ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်)တို့က ဟောပြောဆွေးနွေးခဲ့ကြပါသည်။ ဆက်လက်၍ ''လူသတ်ဝါဒဆန့်ကျင်ရေး'' ခေါင်းစဉ်ဖြင့် ဦးကြီးမြင့်(ပြည်ထောင်စုရှေ့နေများနှင့် ဥပဒေအထောက်အကူပြုသူများအဖွဲ့)၊ ကိုကျော်ကိုကို(ဆိုရှယ်ဒီမိုကရက်တစ်ညီညွတ်ရေးတပ်ဦး)တို့က ဆွေးနွေးခဲ့ကြပါသည်။ ဆွေးနွေးပွဲအပြီးတွင် သတင်းစာရှင်းလင်းပွဲကို ဆက်လက်ပြုလုပ်ခဲ့ပါသည်။ ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် အမျိုးသားအင်အားစု ၇၁ ဖွဲ့၏ သဘောထားကြေညာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့ပြီး လူ့ဘောင်သစ်လူငယ်အတွင်းရေးမှူး မအိသဥ္စာမောင်က ဖတ်ကြားပေးခဲ့ပါသည်။

# စိတ်ပျက်ဝမ်းနည်းဖွယ် ပုတ်ခတ်ဆဲရေးစကား

■ ကိုဘာ ■




ပြီးခဲ့တဲ့ ဇူလိုင်တုန်းက မိုင်ဂျာယန်မှာ လူမျိုးစု လက်နက်ကိုင်အဖွဲ့စုံ အားတက်သရော တွေ့ဆုံခဲ့ကြဖူးတယ်။

၂၁ ပင်လုံလို့ အမည်တပ်ထားတဲ့ ငြိမ်းချမ်းရေးညီလာခံကို အပြုသဘော ပူးပေါင်းပါဝင်ကြဖို့ မျှော်လင့်တကြီး ဖြစ်ခဲ့ကြတာ မှတ်မိသေးတယ်။ အခု ၄–၅ လအတွင်း ယမ်းခိုးတွေ လိမ်းကျံခံရတဲ့ မိုင်ဂျာယန်ရဲ့ ရွှေအဆင်းဟာ အရာယွင်းလေပြီလား သတင်းတွေ၊ အသံတွေ၊ မာန်တွေ၊ ဌာန်တွေက သည်းထိတ်ရင်ဖိုပေါ့။

အဲ့ဒီ ဇူလိုင်ရဲ့ နောက်တစ်လကျော်အကြာမှာ ကျင်းပလာလေမယ့် ငြိမ်းချမ်းရေးညီလာခံမှာ အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ကြမယ်ဆိုတဲ့ သဘောထားထွက်ခဲ့ပြီး မရှေးမနှောင်းဆိုသလိုကာလ ဩဂုတ်လအလယ်မှာ ငြိမ်းချမ်းမှုဖော်ဆောင်ဘက် UNFC ရဲ့အဖွဲ့ဝင် KIO အဖွဲ့ဌာနချုပ်လိုင်ဇာဟာ အလစ်အငိုက် တိုက်ခိုက်ခံရမှု ပေါ်ပေါက်ခဲ့။ ၂၁ ပင်လုံဆိုတာကို သေနတ်သံများနဲ့ ကြိုဆိုခံကြရ။ သေနတ်သံဆိုတာ မိခင်ရဲ့ သားချော့တေးလောက် ယဉ်ပါးနေကျဖြစ်တဲ့ လူမျိုးစုံပြည်သူတွေနဲ့ အင်အားစုအသီးသီးကတော့ ငြိမ်းချမ်းရေးလမ်းကြောင်းပေါ် တက်ဖို့ အသင့်ရှိကြောင်း အင်နဲ့အားနဲ့ မိမိရရကြီး ပြနိုင်ခဲ့တယ်။ အစိုးရသစ်ရဲ့ ငြိမ်းချမ်းရေး အခင်းအကျင်း မျက်နှာပန်းလှခဲ့ပါတယ်။ စိုးရိမ်စရာ ပြုပြင်သင့်တာ စသည်များကတော့ သဘာဝကျကျ ရှိနေတာ တစ်ပိုင်းပေါ့။

အောက်တိုဘာလလယ်ကျတော့ အင်အားစုအားလုံး ပါဝင်နိုင်ခွင့်ရလာဖို့ မူဘောင်ပြင်ဆင်ရေး ညှိနှိုင်းအစည်းအဝေးဆိုတာ အစိုးရသစ်က ကြေညာပြင်ဆင်မှု တွေ့ရတယ်။ ဆက်တိုက်ဆိုသလို ပေါ်ပေါက်လာတာက KIO ရဲ့ ဌာနချုပ်ဆီ ဦးတည်တဲ့ စခန်းသိမ်းထိုးစစ်ကြီး ဖြစ်ပါတယ်။ နိုဝင်ဘာလ ကုန်တဲ့အထိ အပြင်းအထန်ထိုးစစ်က ရပ်မသွားခဲ့ပါ။

နိုဝင်ဘာလ နောက်ဆုံးပတ်မှာတော့KIOနဲ့ စစ်ရေးမဟာမိတ်ပြုထားတဲ့ မဟာမိတ်အဖွဲ့တွေက ရှမ်းပြည် အရှေ့မြောက်မှာ တန်ပြန်တိုက်ခိုက်မှုတွေ စတင်ပါတယ်။

ဩဂုတ်က နိုဝင်ဘာအထိ (၃)လ တိုင်တိုင် KIO အပေါ် ထိုးစစ်ဆင်နွှဲနေမှုနဲ့ပတ်သက်ပြီး ဘယ်လိုဘဲ ကန့်ကွက်၊ အရေးဆိုမှုတွေ ရှိခဲ့ငြား အစိုးရ၊ လွှတ်တော်နဲ့ တာဝန်ရှိသူတိုင်း နှုတ်ဆိတ်နေခဲ့ပါတယ်။ အစိုးရသစ်အဖို့ ၂၀၀၈ အခြေခံဥပဒေရဲ့ အကန့်အသတ်၊ လွှတ်တော်ရဲ့ ဖွဲ့စည်းတည်ရှိပုံ၊ အုပ်ချုပ်ရေးယန္တရား အဆင့်ဆင့်ရဲ့ အကျပ်အတည်း စတဲ့ အထွေထွေအပြားပြားသော အခွင့်မသာမှုတွေကြားထဲမှာ စစ်ပွဲတွေကို ထိန်းချုပ်ဖို့ အခက်ရှိနိုင်တာ ခွင့်လွှတ်လိုသည်ဖြစ်စေ၊ အပြစ်တင်လိုသည်ဖြစ်စေ နားလည်မှု ပေးနိုင်စရာလို့ အောက်မေ့မိပါတယ်။ အရင်သမ္မတ ဦးးသိန်းစိန်အစိုးရလည်း စိတ်ထဲက မမြင်ရတဲ့ စေတနာဆိုတာ ဘယ့်နှယ်နေနေ ကာယကံမြောက် အနေနဲ့တော့ စစ်ကို မထိန်းချုပ်နိုင်တာ အများသိ ကိစ္စပေဘဲ။

အခု ဒီဇဘာ်မှာတော့ အံ့အားသင့်စရာ၊ စိတ်ပျက်ဝမ်းနည်းဘွယ်ရာ အသစ်တွေ ဖြစ်လာတာတွေ့ရတယ်။ စစ်ဆိုတာ ၂ ဘက်တိုက်မှ စစ်ပွဲဖြစ်တာ ကလေးကအစ နားလည်နေပေမယ့်၊ လူမျိုးစုတွေအဖို့ ဘယ်အခြေဆိုက်လို့ လက်နက်ကိုင်စစ်ပွဲတွေ ခင်းလာကြရတယ်ဆိုတာ အစင်းသားဖြစ်နေပေမယ့် စစ်ပွဲထဲ ပါဝင်နေတဲ့ KIO နဲ့ မဟာမိတ်များကို အစိုးရ တာဝန်ရှိသူများဘက်က သောင်းကျန်းသူ ‥၊ အကြမ်းဖက်လုပ်ရပ် ‥ စသဖြင့် တဖက်သတ် စတင်စွပ်စွဲ ပြစ်တင်လာကြပါတယ်။ ဒါတင်ဘဲလားဆိုရင် ဒီထက်တောင်ကဲသေး ဆိုတဲ့ ကာဠုဒါရီ အပြောလိုပါဘဲ။ ပြည်ထောင်စုလွှတ်တော်နဲ့ ရှမ်းပြည်လွှတ်တော်တို့က KIO နဲ့ မဟာမိတ်များကို အကြမ်းဖက်သောင်းကျန်းသူများအဖြစ် သတ်မှတ်ရေးအဆိုတွေ တင်လာကြတယ်။ ပြည်ထောင်စုလွှတ်တော်က အဲဒီအဆို လက်ခံဖို့ရာ အများစုက သဘောမတူ ငြင်းလိုက်တယ် ဆိုတဲ့ကြားကဘဲ အစိုးရပိုင် သတင်းမျက်နှာစာတွေနဲ့ အစိုးရ တာဝန်ရှိဌာနတွေရဲ့ ထုတ်ပြန်ချက်များမှာ အကြမ်းဖက်သောင်းကျန်းသူဆိုတဲ့ ဝေါဟာရကို မြိန်ရည်ယှက်ရည် သုံးလာကြတာ တွေ့ရတယ်။

***စာမျက်နှာ ၁၁ သို့***

# ၂၀၁၇ခုနှစ်၊မတ်လ(၇)ရက်နေ့ထုတ် First Music News Journal N0; 529 တွင် စာရေးသူ အထောက်တော်(ရန်ကုန်) ဆက်သွယ်မေးမြန်း တင်ဆက်ခဲ့သည့် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးအောင်မိုးဇော်နှင့်အင်တာဗျူးကို ပြန်လည်ဖော်ပြခြင်း

■ အယ်ဒီတာအဖွဲ့ ■



မကြာသေးခင်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တပ်မတော်ရဲ့ထိပ်ပိုင်း ခေါင်းဆောင်တွေကို ခေါ်ယူတွေ့ဆုံပွဲမှာ လက်ရှိအစိုးရအနေနဲ့ ၁၀ လတာ ကာလအတွင်းမှာ ဘာမှမယ်မယ်ရရ တိုးတက်ပြောင်းလဲမှုကို မတွေ့ရဘူး၊ တပ်မတော်အနေနဲ့ ပြည်တွင်းမှာရှိတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အပိုင်းတွေနဲ့ နယ်မြေလုံခြုံရေးအပိုင်းတွေကို ဝင်ရောက်ပြီး လုပ်ကိုင်ဖို့ လိုတယ်လို့ ပြောဆိုလိုက်တဲ့အပေါ်မှာ ပြည်သူတွေနဲ့အတူ နိုင်ငံရေးအဖွဲ့အစည်းတွေကြားမှာ ပြောဆိုဝေဖန်သံတွေ ထွက်လာခဲ့သလို တပ်မတော်ကပဲ အရင်စစ်အာဏာရှင်တွေလို ပြည်သူတွေရဲ့ မျှော်လင့်ချက်ကို မျက်ကွယ်ပြုပြီး အာဏာပြန်သိမ်းဖို့ ပြင်ဆင်လိုက်တာလားဆိုတဲ့ ဝေဖန်သံတွေ ထွက်ပေါ်လာခဲ့ပါတယ်။ နှစ်ပေါင်း ၆၀ နီးပါး တိုင်းပြည်ရဲ့ အခြေအနေက ကျပ်တည်းမှုတွေအမျိုးမျိုးနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ယခုအခါ ပြည်သူတင်မြှောက်တဲ့ အစိုးရရဲ့ တိုင်းပြည်တိုးတက်အောင် ပြည်တွင်းငြိမ်းချမ်းရေး အမှန်တကယ်ရရှိအောင် ကြိုးစားဆောင်ရွက်တဲ့နေရာမှာ အခက်အခဲအကျပ်အတည်းတွေနဲ့ ရင်ဆိုင်နေရပြီး လက်ရှိအခြေအနေမှာတော့ တပ်မတော်အနေနဲ့ ပြည်သူတွေ မျှော်လင့်အားကိုးသလို အခြေအနေမျိုးကို ရောက်ရှိမလာတဲ့အပြင် ယခင်စစ်ခေါင်းဆောင်တွေအတိုင်း လုပ်ဆောင်တော့မယ့်အခြေအနေကို မြင်နေရပြီလို့ နိုင်ငံရေး အကဲခတ်တွေက ပြောကြားလာကြပါတယ်။ လက်ရှိမှာ အစိုးရသစ်ရဲ့ဆောင်ရွက်ချက်တွေနဲ့အတူ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ရဲ့ ယခုလိုပြောကြားလိုက်တဲ့အပေါ်မှာ နိုင်ငံရေးပါတီတစ်ခုဖြစ်တဲ့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက ဥက္ကဋ္ဌ ဦးအောင်မိုးဇော်နဲ့ ဆက်သွယ်မေးမြန်းချက်ကို တင်ပြလိုက်ပါတယ်။

**UAMZ:** တပ်ချုပ်ပြောလိုက်တာက လက်ရှိအစိုးရအနေနဲ့ ၁၀ လရှိပြီ။ ဘာမှ မယ်မယ်ရရ မလုပ်နိုင်ဘူးဆိုတာက သူနဲ့လည်း သက်ဆိုင်တယ်၊ ကျွန်တော်အနေနဲ့ ဒီလိုပြောချင်တယ်။ ဘာ့ကြောင့်လဲဆိုတော့ သူတို့ကရော ဘယ်လောက် လက်ရှိအစိုးရနဲ့ ပူးပေါင်းဆောင်ရွက်သလဲ၊ မဆောင်ရွက်ဘူးလဲ ဆိုတဲ့အပေါ်မှာ အများကြီးမူတည်တယ်။ သူတို့ကိုယ်တိုင်က လက်ရှိအစိုးရ ပြောတဲ့ဆိုတဲ့အပေါ်ကို ဘယ်လောက်ထိ လိုက်ပြီးလုပ်သလဲ၊ မလုပ်ဘူးလဲ ဆိုတာနဲ့လည်း သက်ဆိုင်တယ်။ အဲဒီတော့ လက်ရှိအစိုးရအနေနဲ့ ဆောင်ရွက်မှုတွေဟာ အောင်မြင်ခြင်း၊ မအောင်မြင်ခြင်းဆိုရင် တပ်ချုပ်ကိုယ်တိုင်နဲ့ တိုက်ရိုက် ပတ်သတ်နေတယ်လို့ ကျွန်တော်က အဲဒီလိုဘဲပြောချင်တယ်။ နောက်တစ်ချက်က ကျွန်တ်ာအနေနဲ့ မြင်တာကတော့ လက်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီကို ပြည်သူက ထောက်ခံထားတာလေ။ ပြီးတော့ တပ်မတော်က ပြည်သူလူထုရဲ့ ဆန္ဒကို အလေးအနက်ထားရမယ်။ လက်ရှိ ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားတဲ့ ပုဂ္ဂိုလ်တွေရဲ့ အမိန့်တွေကို နာခံရမှာဖြစ်တယ်လို့ ကျွန်တော်က အဲဒီလိုဘဲမြင်တယ်။

အဲဒီတော့ လက်ရှိအစိုးရ အောင်မြင်ခြင်း၊ မအောင်မြင်ခြင်းဆိုတာက အစိုးရရဲ့ညွှန်ကြားချက်တွေကိုပဲဖြစ်ဖြစ်၊ လက်ရှိအစိုးရအနေနဲ့ ပတ်သတ်လို့ပဲဖြစ်ဖြစ် လက်ရှိအစိုးရအပေါ်မှာ သူတို့ ဘယ်လောက်အထိ သစ္စာမခံဘူးလဲ ဆိုတဲ့အပေါ်မှာ အများကြီးမူတည်တယ်။ အစိုးရအပေါ်မှာ သစ္စာခံခြင်း၊ မခံခြင်းဆိုတာက လက်တွေ့မှာ ပြည်သူလူထုအပေါ်မှာရော သူတို့

ကိုယ်တိုင်က ဘယ်လောက်ထိ သစ္စာခံခြင်း၊ မခံခြင်း ဆိုတဲ့အပေါ်မှာ မူတည်နေတယ်လို့ ကျွန်တော်ကတော့ အဲဒီလိုပဲ ပြောချင်တယ်။

First : ကာကွယ်ရေးဦးစီးချုပ်ရဲ့ ပြောဆိုချက်အပြီးမှာ တပ်မတော်က သတင်းစာရှင်းလင်းပွဲတခု ချက်ချင်းလုပ်ဆောင်ပြီး ဒေါ်အောင်ဆန်းစုကြည် လုပ်ဆောင်နေတဲ့ လုပ်ငန်းစဉ်တွေကို ပါဝင်ပူးပေါင်းဆောင်ရွက်ဖို့၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ အောင်မြင်အောင် လုပ်ဆောင်ပေးဖို့ စတဲ့သဘောထားတွေ ပြောကြားတဲ့အပေါ်မှာ ကိုအောင်မိုးဇော်က အခုလို ထောက်ပြပါတယ်။

UAMZ: ကျွန်တော် မြင်နေတာက သူတို့က ပူးပေါင်းဆောင်ရွက်ဖို့ ပြောတယ်။ ပါးစပ်ကပြောတာလေ။ နောက်ပြီးတော့ သူတို့ တပ်မတော်ရဲ့ မူ (၆) ချက်ဆိုတာ အခုချိန်ထိ မလျှော့ဘူး။ နောက်တစ်ချက် ဥပမာပေးရရင် ရှမ်းပြည်နယ်လွှတ်တော်ကနေပြီး အချို့တိုင်းရင်းသားအင်အားစုတွေကို အကြမ်းဖက်လို့ သတ်မှတ်တဲ့ကိစ္စတွေ၊ ပြည်ထောင်စုလွှတ်တော်မှာလည်း အဲဒီလို ကြိုးစားတဲ့ကိစ္စတွေက လက်တွေ့မှာ တပ်မတော်ကိုယ်စားလှယ်တွေ အဲဒီကိုယ်စားလှယ်တွေရဲ့ ကြိုးစားမှုတွေပဲ ဖြစ်တယ်။ လာပါ၊ လာပါလို့ ပါးစပ်ကပြောတယ်၊ လက်တွေ့မှာကျတော့ မလာနဲ့လို့ ပြောနေသလိုဖြစ်နေတယ်။ ဒီတော့ ကိုယ့်ရဲ့ရပ်တည်မှု၊ ကိုယ့်သဘောထား အဲဒီအပိုင်းတွေလည်း ကိုယ်ဟာကိုယ်ပြန်ပြီး သုံးသပ်ဖို့လိုတယ်လို့ ကျွန်တော် ပြောချင်တယ်။ သတင်းစာရှင်းလင်းပွဲကိစ္စက PR လုပ်တာဘဲ။ လာကြပါ၊ လာကြပါ ပြောတယ်၊ လက်တွေ့မှာ တိုက်ပွဲတွေဖြစ်နေတယ်။ အဲဒီအခြေအနေကိုလည်း လူတိုင်းက သိနေတယ်။ ပြီးတော့ မူ (၆) ချက်ကို အသေဆုပ်ကိုင်ထားတာကလည်း လူတိုင်းသိနေတယ်။ ဥပမာ– NCA ကို လက်မှတ်ထိုးဖို့ ပြောတယ်ဗျာ။ NCA ကို လက်မှတ်ထိုးဖို့ဆိုတာ လူတိုင်းက မူအရ လက်ခံနိုင်တယ်။ အဲ့ဒီ NCA ကို လက်မှတ်ထိုးနိုင်ဖို့အတွက် ညှိနှိုင်းရမယ့်ကိစ္စတွေမှာကျတော့ ဒီလူတွေတော့ပါ၊ ဟိုလူတွေ မပါနဲ့ အဲဒီလိုပြောနေတဲ့ကိစ္စတွေက လက်တွေ့မှာ တကယ်ပဲ အကုန်လုံးပါစေချင်ရဲ့လား၊ တကယ်ဘဲ အစိုးရဆန္ဒကို အကောင်အထည်ဖော်ချင်တာလား။ အဲဒါတွေက မေးခွန်းထုတ်စရာတွေ ဖြစ်နေတယ်လို့ ကျွန်တော်အနေနဲ့ ပြောချင်တယ်။

First : လက်ရှိ အစိုးရသစ်လက်ထက်မှာ နိုင်ငံရေးအကျပ်အတည်းတွေကို စနစ်တကျ အကောင်အထည်ဖော်ဆောင်နေမှုတွေ၊ ဒုစရိုက်မှုတွေ များပြားလာနေမှုတွေနဲ့ပတ်သတ်ပြီး ပြောဆိုမှုတွေဟာ လက်ရှိအစိုးရကို တပ်ချုပ်အနေနဲ့ဝေဖန်မှုဟာ မဖြစ်သင့်ဘူးလို့ ပြောဆိုပါတယ်။

UAMZ : ကာကွယ်ရေးဦးစီးချုပ်အနေနဲ့ ပြည်သူကနေ ရွေးချယ်တင်မြှောက်ထားတဲ့ အစိုးရကို အခုလိုပြောတဲ့ကိစ္စကတော့ ကျိန်းသေတာကတော့ Discredit လုပ်တာပေါ့ဗျာ။ အမှန်တကယ်ကျတော့ အဲဒီအလုပ်ဟာ သူလုပ်ရမယ့်အလုပ် ဟုတ်သလား၊ မဟုတ်ဘူးလား ဆိုတာကိုတော့ သူ့ကိုယ်သူပြန်သုံးသပ်ဖို့လိုတယ်။ သူကိုယ်တိုင် အစိုးရအဖွဲ့ထဲမှာဖြစ်နေတယ်။ ကျွန်တော်ပြောချင်တာက အစိုးရကိစ္စတွေဟာ မအောင်မြင်ဘူးဆိုရင် အစိုးရထဲမှာဆွေးနွေးပေါ့ဗျ။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့လည်း သူ တွေ့လို့ရတယ်။ နိုင်ငံတော်သမ္မတနဲ့လည်း သူ တွေ့လို့ရတယ်။ ကက်ဘိနက်ဝန်ကြီးတွေနဲ့လည်း သူ တွေ့လို့ရတယ်။ ကက်ဘိနက်ဝန်ကြီးတွေထဲမှာဆိုရင် သူ ထောက်ခံထားတဲ့ ဝန်ကြီးသုံးယောက်တောင် ပါနေတယ်လေ။ သူ့အနေနဲ့ ပြောလို့ဆိုလို့ ရနေတာဘဲ။ အခုလို လူသိရှင်ကြားပြောတဲ့ကိစ္စ၊ အောက်ခြေကို ချပြောတဲ့ကိစ္စကတော့ လက်ရှိအစိုးရကို အကြည်ညိုပျက်အောင် လုပ်တဲ့ကိစ္စဘဲ။ အစိုးရကို အကြည်အညိုပျက်အောင်လုပ်တဲ့ကိစ္စ ဖြစ်နေတယ်။ အဲဒါကတော့ စဉ်းစားရမယ့်ကိစ္စလို့ ကျွန်တော်ပြောချင်တယ်။ အခု အနေအထားအရ ပြောရရင် ပြည်သူလူထုက သူတို့ ရွေးချယ်တင်မြှောက်ထားတဲ့ အစိုးရနဲ့ တပ်မတော်တို့ကို အတူတူအလုပ်လုပ်စေချင်ကြတယ်။ ပူးပေါင်းဆောင်ရွက်စေချင်ကြတယ်။ လက်ရှိအစိုးရရဲ့ ဦးဆောင်မှုကို ခံယူစေချင်တယ်။



ခုလို ပြောနေတဲ့ကိစ္စက အဲဒီလိုအခြေအနေ မဟုတ်တော့ဘူးလို့ ပြောနေသလို ဖြစ်နေတယ်။ အခုအခြေအနေက တပ်ချုပ်အနေနဲ့ လက်ရှိအစိုးရကို ပြောင်ဝေဖန်တယ်ဆိုတာက သူကိုယ်တိုင်လည်း အစိုးရထဲမှာ ပါနေတာပဲ။ အဲဒါကိုက သူတို့ရဲ့စိတ်ဓာတ်၊ သူတို့ ပြောဆို လုပ်ဆောင်ချက်တွေဟာ ပြည်သူတွေမျှော်လင့်သလို မဟုတ်ဘူးဆိုတာ ထင်ရှားတယ်။

First : အနာဂတ်မှာ တပ်မတော်ရဲ့ အခန်းကဏ္ဍနဲ့ပတ်သတ်ပြီး ပြည်သူတွေရဲ့ မျှော်လင့်ချက်ကိုလည်း အခုလို သုံးသပ်ပြပါတယ်။

UAMZ : ကျွန်တော်နားလည်တာက ပြည်သူတွေရဲ့ဆန္ဒဟာ တပ်မတော်အနေနဲ့ နိုင်ငံရေးမှာ မရှိစေချင်ဘူး။ အခြေအနေအရ တိုင်းပြည်ရဲ့အနေအထားအရ ရှိနေတယ်ဆိုရင်တောင်မှ တဖြည်းဖြည်း နောက်ကိုဆုတ်သွားစေချင်ပါတယ်။ အဲဒါက ပြည်သူတွေရဲ့ ဆန္ဒပဲ။ ဘယ်သူ့ဘဲမေးမေး ဒီဆန္ဒပဲရှိတယ်။ အဲဒါကြောင့်လည်း ၂၀၀၈ ဖွဲ့စည်းပုံပြင်ဆင်ရေးဆိုတာကို လူတိုင်းက ပြောနေကြတာလေ။ အဲဒီလို ပြည်သူတွေရဲ့ဆန္ဒကို တပ်မတော်အနေနဲ့ ဘယ်လောက်အထိ အလေးထားမလဲ။ ကာချုပ်အနေနဲ့ကရော ဘယ်လောက်ထိ အလေးထားမလဲဆိုတဲ့မေးခွန်းက ဒီကာချုပ်အနေနဲ့ ပြည်သူတွေရဲ့ဆန္ဒအပေါ် ဘယ်လောက်အထိ အလေးထားမလဲဆိုတဲ့ အခြေအနေပေါ် မူတည်နေပါတယ်။ အဲဒါကတော့ ကျွန်တော့် နားလည်မှုပေါ့နော်။

First : အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥပဒေအကြံပေး ဦးကိုနီကို လုပ်ကြံသတ်ဖြတ်မှုမှာ တပ်မတော်အရာရှိဟောင်းတွေ ပါဝင်နေတဲ့ အနေအထားဟာ တပ်မတော်ရဲ့ဂုဏ်သိက္ခာကို ကျဆင်းစေတယ်လို့ ထောက်ပြပါတယ်။

UAMZ : ကျွန်တော်ရဲ့ နားလည်မှုအရကတော့ အခုဖြစ်တဲ့ကိစ္စဟာ ဘာဘဲပြောပြော တပ်မတော်ရဲ့ဂုဏ်သိက္ခာကို ထိခိုက်စေတယ်။ ဘာဖြစ်လို့လဲ ဆိုတဲ့အခါကျတော့ တပ်မတော်သားဟောင်းတွေ ဒီကိစ္စမှာ တော်တော်များများ ပါဝင်ပတ်သက်နေတယ်။ အဲဒီလိုအခြေအနေမှာ ရှိနေတဲ့အခါကျတော့ တပ်မတော်ရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေတယ်။ အဲဒီအခြေအနေကို ရှင်းလင်းဖို့က လက်ရှိတပ်မတော်မှာ တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေ၊ လက်ရှိအာဏာရယူထားတဲ့ ပုဂ္ဂိုလ်တွေမှာ အထူးတာဝန်ရှိတယ်လို့ ကျွန်တော့် အနေနဲ့ ပြောချင်ပါတယ်။

First : မြန်မာနိုင်ငံရဲ့ လက်ရှိတရားဥပဒေဟာ ပြည်သူတွေမျှော်လင့်နေတဲ့ တရားဥပဒေ မဖြစ်တဲ့အပြင် ဒီမိုကရေစီနိုင်ငံတစ်ခု တည်ဆောက်မယ့် နိုင်ငံအနေနဲ့ လက်ရှိရေးဆွဲထားတဲ့ ဥပဒေတွေကို သေသေချာချာ ပြင်ဆင်ဖို့လိုတယ်လို့ ဆိုပါတယ်။

UAMZ : ကျိန်းသေတာက ကျွန်တော်တို့တိုင်းပြည်မှာ နိုင်ငံရေးပဲဖြစ်ဖြစ်၊ စီးပွားရေးပဲဖြစ်ဖြစ်၊ လူမှုရေးပဲဖြစ်ဖြစ် ဘယ်ကိစ္စမှာမှ တန်းတူညီမျှမှု မရှိဘူး။ တန်းတူညီညီမျှမျှ ဖြေရှင်းနိုင်တဲ့အခြေအနေ ကျွန်တော်တို့တိုင်းပြည်မှာ ဘယ်ကိစ္စမှာမဆို မရှိဘူး။ ဒီဥပဒေကိုယ်တိုင်လည်း အဲဒီအခြေအနေမဟုတ်ဘူး။ အဲဒီအပိုင်းတွေမှာလည်း တကယ်တမ်း ပြင်ဆင်ဖို့လိုတယ်။ တန်းတူညီမျှရှိလာအောင်လို့ နည်းဥပဒေတွေ ပြင်ဆင်ရမယ်၊ ပြောင်းရမယ်၊ ဖျက်ရမယ် စသည်ဖြင့်ပေါ့။ အဲဒီကိစ္စတွေကို လွှတ်တော်ကလည်း ဒီကိစ္စတွေကို အဓိက အာရုံစိုက်ရမှာပဲဖြစ်တယ်။ ဒီလိုကိစ္စမျိုးတွေကို သေသေချာချာ ရှာဖွေပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ တချို့လည်း ပြောဆိုနေကြတာတွေ ရှိတယ်။ ဘာလဲဆိုတော့ ‘တပ်မတော်က ကန့်လန့် ကန့်လန့် လုပ်နေတယ်‘ လို့ ပြောဆိုနေတဲ့အသံတွေ ရှိတယ်။ အဲဒီလိုအခြေအနေတွေအရ ကာချုပ်အနေနဲ့ တကယ်ပဲ ဖြစ်နေသလား၊ မဖြစ်နေဘူးလား ဆိုတာကို ကာချုပ်အပါအဝင် တိုင်းပြည်မှာ တာဝန်ယူထားတဲ့သူတွေက သေသေချာချာ ပြန်ပြီး သုံးသပ်ရမယ်၊ လေ့လာရမယ်၊ ဆွေးနွေးမှုတွေ လုပ်ရမယ်လို့ ပြောချင်တယ်။

First : လက်ရှိ နိုင်ငံတော်ကို ပြန်လည်ထူထောင်တဲ့အခါမှာ ပြည်တွင်းမှာရှိတဲ့ အဖွဲ့အစည်းတွေအားလုံး ပါဝင်နိုင်ရင် အကောင်းဆုံးဖြစ်တယ်လို့ ပြောဆိုနေကြပေမယ့် အဲဒီလိုပါဝင်နိုင်ဖို့ဆိုတာဟာ လက်ရှိအာဏာရထားတဲ့ ပုဂ္ဂိုလ်တွေမှာပဲ မူတည်တယ်လို့ မှတ်ချက်ပြုပါတယ်။

UAMZ : ကျွန်တော် နားလည်တာကတော့ နိုင်ငံရေးပါတီတွေအနေနဲ့ ဝင်ရောက်လုပ်ဖို့၊ မလုပ်ဖို့ဆိုတာကလည်း လက်ရှိ အာဏာရတဲ့ ပုဂ္ဂိုလ်တွေဘက်ကလည်း ဘယ်လောက်အထိ ခွင့်ပြုတယ်၊ မပြုဘူး ဆိုတဲ့အပေါ်မှာလည်း မူတည်တယ်။ ခွင့်မပြုဘဲ အတင်းဝင်လုပ်ပြန်တော့လည်း ဒုက္ခရောက်လိမ့်မယ်။ ကျွန်တော် ပြောပြခဲ့တဲ့ မျှမျှတတ ညီညီညွတ်ညွတ်မရှိဘူး ဆိုတာတွေကလည်း အဲဒါတွေပါ ပါတယ်။ အဲဒီတော့ အခြေအနေအားလုံးကို ပြန်သုံးသပ်ဖို့ဆိုတာတော့ တပ်မတော် ခေါင်းဆောင်တွေမှာလည်း တာဝန်ရှိတယ်။ အနိုင်ရပါတီမှာလည်း တာဝန်ရှိတယ်။ အဲဒီပုဂ္ဂိုလ်တွေအနေနဲ့ အခုပြောနေတဲ့

ပြည်သူတွေ၊ လူမှုရေးအဖွဲ့အစည်းတွေ၊ တိုင်းရင်းသားတွေ၊ နိုင်ငံရေးပါတီတွေရဲ့ ပြောဆိုနေတဲ့ မျှော်လင့်နေတဲ့အပေါ် အဲဒီခေါင်းဆောင်ပိုင်းတွေက ဘယ်လောက်အထိ အလေးထားမှာလဲဆိုတဲ့အပေါ်တွေမှာလည်း မူတည်နေတယ်။ သူတို့ ပါဝင်ခွင့်မပေးရင် ပါဝင်လို့မရဘူး။ သူတို့ ပါဝင်ခွင့်မပေးဘဲ ပါဝင်လိုက်မယ်ဆိုရင်တော့ သူတို့နဲ့ ထိပ်တိုက် ပြဿနာဖြစ်လာလိမ့်မယ်။ အဲဒီလိုဖြစ်လာရင် ပုဒ်မ ၁၈ တို့၊ ၆၆(ဃ) တို့ဆိုတဲ့ အခြားဟာတွေ လာလိမ့်မယ်။ အဲဒီတော့ ပါဝင်ခွင့်ဆိုတာကို ဘယ်လိုပုံစံ၊ ဘယ်လိုနည်းနဲ့ ပါဝင်ခွင့်ပေးမလဲဆိုတာကို သူတို့ကိုယ်တိုင် အသိပေးဖို့လိုမယ်။ အတင်း ပါဝင်ချင်တိုင်း ဝင်ပါလို့ရတာမဟုတ်ဘူး။ နောက်တခု ကျွန်တော်တို့ နားလည်နေတဲ့ အနေအထားကတော့ ကျွန်တော်တို့တိုင်းပြည်ရဲ့ အနေအထားဟာ ရွေးကောက်ပွဲကို အခြေခံတဲ့အပိုင်းနဲ့ စလာတယ်။ အဲဒီအစကတော့ အစကောင်းလို့ပဲ မြင်တယ်။ ဒါပေမဲ့ ဒီအထဲမှာ ဟိုလူကန့်၊ ဒီလူကန့်ဆိုရင်တော့ ပြဿနာတွေက ပိုပြီးတော့ ရှုပ်သွားနိုင်တယ်။ ကျွန်တော်တို့တိုင်းပြည်ရဲ့ အနာဂတ်ကို ပုံဖော်မယ့်နေရာမှာ အားလုံးပါဝင်မှုပေါ့ဗျာ။ အဲဒီအားတော့ မရနိုင်ဘူးပေါ့။ အဲဒီလိုမရနိုင်ရင် ဘာဖြစ်လာမလဲဆိုတော့ မကျေလည်မှုတွေ ဆက်ပြီးတော့ ပါသွားမှာပဲ။ အဲဒီလို မကျေလည်မှုတွေ ဆက်ပြီးတော့ပါသွားရင် ကျွန်တော်တို့တိုင်းပြည်ဟာ ကျွန်တော်တို့ဖြစ်ချင်တဲ့ စစ်မှန်တဲ့ ငြိမ်းချမ်းမှုတို့၊ စစ်မှန်တဲ့ဒီမိုကရေစီတို့ဆိုတာ အနှစ်သာရတွေက လွဲကုန်မှာဘဲ။ အဲဒီတော့ အားလုံးပါဝင်နိုင်ဖို့ဆိုတာဟာ ကျွန်တော်ထင်တာကတော့ အာဏာရှိတဲ့လူတွေအပေါ်မှာဘဲ မူတည်ပါတယ်။ အာဏာရှိတဲ့လူတွေက အားလုံးပါဝင်နိုင်တဲ့ အခြေအနေကို ဖန်တီးပေးမှပဲ အားလုံးပါဝင်နိုင်လိမ့်မယ်။ အာဏာ လက်ကိုင်ရှိထားတဲ့လူတွေက အားလုံးပါဝင်နိုင်တဲ့ အခြေအနေကို မဖန်တီးပေးနိုင်ဘူးဆိုရင် ဘယ်သူမှ ပါဝင်ဆောင်ရွက်လို့ ရမှာမဟုတ်ဘူး။ အခြေခံကတော့ ရိုးရိုးလေးပဲလို့ ကျွန်တော်ပြောချင်တယ်။

---

***စာမျက်နှာ ၇ မှ အဆက်***

ရှမ်းပြည်လွှတ်တော်က ရှမ်းကိုယ်စားလှယ်တွေရဲ့ သဘောထားများနဲ့ ဆန့်ကျင်ပြီး အဲ့ဒီအဆိုကို တင်ခွင့်ရ၊ အတည်ပြုလိုက်တယ်လို့ သတင်းများမှာ တွေ့ကြရတယ်။ အတည်မပြုနိုင် သေးပေမယ့် UNFC ကို၊ UNFC ရဲ့ ဥက္ကဋ္ဌကို အကြမ်းဖက်အဖွဲ့/ အကြမ်းဖက်သမားလို့ သတ်မှတ်ဖို့ တောင်းဆိုသလိုလို အသံတွေကလည်း ထွက်လာတယ်။ KIO နဲ့ မဟာမိတ်များကို အစိုးရငြိမ်းချမ်းရေးကော်မရှင်က တွေ့ဆုံရေး ကြိုးပမ်းချက်ဟာ Precondition အကန့်အသတ်ကြောင့် ပျက်တယ်။ အစိုးရငြိမ်းချမ်းရေးကော်မရှင်နဲ့ UNFC ရဲ့ ညှိနှိုင်းဆောင်ရွက်ရေးကိုယ်စားလှယ်အဖွဲ့(DPN) တို့ တွေ့ဆုံဖို့ အစီအစဉ် ဆိုင်းငံ့သွားတယ်။ KIO ခေါင်းဆောင်က ငြိမ်းချမ်းရေးဖော်ဆောင်မှုဖြစ်စဉ် နောက်ပြန်လှည့်သွားပြီ ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုလာတယ်။

တိုင်းပြည်ရဲ့ လူမျိုးစုအချင်းချင်းတွေအကြား၊ အခုဆိုတစ်ဒေသထည်းက လူမျိုးအချင်းချင်းတွေအကြားနဲ့ လူမျိုးတစ်မျိုးထဲမှာကို မတူကွဲလွဲတဲ့ ရပ်တည်ပုံချင်းတွေကြား အစိပ်စိပ်အမွှာမွှာ ပြိုကွဲလာတဲ့ပုံရိပ်ဟာ တဖြည်းဖြည်း ရုပ်လုံးပေါ်လာတယ်။

လွဲမှားတဲ့ အာဏာကျင့်သုံးပုံနဲ့ စီမံခန့်ခွဲပုံ အမှားများကို ပြန်သုံးသပ်ကြမယ့်အစား ပို တဖက်သတ်ဆန်၊ ပို အာဃာတကြီးမား၊ ပို အယုံအကြည်ဖျက်ရာရောက်တဲ့ အော့နှလုံးနာစရာ အသုံးအနှုန်း အကြမ်းဖက်သမား သောင်းကျန်းသူ ဆိုတာကို တိုင်းပြည်မှာ တာဝန်အရှိဆုံးသူတွေက အတော် ခံတွင်းလိုက်နေတာ တုန်လှုပ်စရာပါ။ ပို ခက်ခဲ ရှုပ်ထွေးမှုတွေဆီ ဦးတည်သွားနိုင်တယ်လို့ SNLD ဥက္ကဋ္ဌကြီး ထောက်ပြ၊ သတိပေးချက်ကလည်း ရာဇမာန်ဖုံးကွယ်လို့ အရာမထင် ဖြစ်နေတယ်။

စစ်မက် ဘက်ပြိုင်ကြသူချင်းအကြား ဆဲရေးပုတ်ခတ်တဲ့ အသုံးအနှုန်းအဖြစ် ဒီစကားလုံးကို နားလည်မိပါတယ်။ အရင် ဖဆပလအစိုးရက သောင်းကျန်းသူလို့ သုံးခဲ့တာနဲ့ ပတ်သက်ရင် လက်ဝဲစာရေးသူအဖြစ် မှတ်ယူခံရသူ ဆရာဗန်းမော်တင်အောင်သာမက၊ လက်ျာစာရေးဆရာအဖြစ် သတ်မှတ်ခံရတဲ့ ဆရာကြီးရွှေဥဒေါင်းကပါ ပုတ်ခတ်ဆဲရေးစကားသာ ဖြစ်တဲ့အကြောင်း၊ အစိုးရတစ်ရပ်အနေနဲ့ သုံးနှုန်း ခေါ်ဝေါ်မှုဟာ ဂုဏ်သိက္ခာအရ မဆီလျော်ကြောင်း အတိအလင်း ထောက်ပြ ကန့်ကွက်ခဲ့ကြတဲ့ ဝေါဟာရကို ပိုမိုအရုပ်ဆိုးအောင် ထပ်ကွန့်သုံးစွဲလာတာလို့ ယူဆပါတယ်။ ဂုဏ်သိက္ခာအရ မဆီလျော်ရုံမျှမက တစ်ဖက်ကလူမျိုးစုများကို မိမိလိုလားချက်များအား လက်နက်ကိုင်၍ တောင်းဆိုလျှင် မရနိုင်ကြောင်း စသည်ဖြင့် အာဘောင်အာရင်းသန်သန် ပြောဆိုနေချိန်နဲ့ တပြိုင်နက်တည်းမှာ မိမိတို့ကိုယ်တိုင်ကလည်း လက်နက်အင်အား အသာစီးယူ၍ အနိုင်ကျင့် ဆဲရေးနှိမ်ချနေတဲ့သဘောရောက်နေပြီ ဖြစ်တာမို့ အံ့အားသင့်စရာ၊ စိတ်ပျက်ဝမ်းနည်းစရာ အသစ်တွေ ဖြစ်ပေါ်လာတယ်လို့ အထက်က ဆိုခဲ့လိုက်တာ ဖြစ်ကြောင်းပါဗျား။

■ **ကိုဘာ**

*၂၀၁၆ ခု၊ ဒီဇင်ဘာလ ၉ ရက်။*

# ဆိုရှယ်ဒီမိုကရေစီသဘောတရား

■ ဇော်ဇော်ထွန်း ■

ဆိုရှယ်ဒီမိုကရေစီသဘောတရားကို ပြောသည့်အခါ အခြေခံအားဖြင့် ရှုထောင့်သုံးရပ်ကနေကြည့်ပြီး ပြောလေ့ရှိသည်။ လက်တွေ့နိုင်ငံရေးအမြင်အရလည်း အဆိုပါအချက်များကို အခြေခံကြသည်။ ယင်းတို့မှာ–

– ဒီမိုကရေစီစနစ်တစ်ရပ်ဖြစ်ပြီး လူ့အဖွဲ့အစည်းဝင်အားလုံးအကျိုးကို အခြေခံမှု။

– လူမှုတန်းတူရေးပေါ် အခြေခံမှု။

– လူမှုဈေးကွက် စီးပွားရေးအပေါ် အခြေခံမှုတို့ ဖြစ်သည်။

ခေတ်ပြိုင်နိုင်ငံရေးသဘောတရားတွင် ဆိုရှယ်ဒီမိုကရေစီ ဝေါဟာရကို ဒီမိုကရေစီသဘောတရားတစ်ရပ်၏ အခြေခံအယူအဆအဖြစ် လည်းကောင်း၊ နိုင်ငံရေးသဘောတရား လမ်းစဉ်တစ်ရပ်၏ သွင်ပြင်လက္ခဏာကို ညွှန်းဆိုရာအဖြစ်လည်းကောင်း သုံးနှုန်းလေ့ရှိသည်။ အဆိုပါ အသုံးအနှုန်းပုံစံနှစ်ရပ်သည်လည်း နည်းအမျိုးမျိုးဖြင့် အပြန်အလှန်ဆက်နွယ်နေကြသည်။

ဆိုရှယ်ဒီမိုကရေစီ၏ အခြေခံစံနှုန်းနှင့် ပတ်သက်၍သော်လည်းကောင်း၊ အကောင်အထည်ဖော်သည့် လမ်းစဉ်များအား နှိုင်းယှဉ်ဆွေးနွေးရာတွင်သော်လည်းကောင်း ဆိုရှယ်ဒီမိုကရေစီ၏ သဘောတရား စံတန်ဘိုးများကို အခြေခံလေ့မရှိပေ။ အဆင်အသွေးစုံ နိုင်ငံရေးဇာတ်ကောင်များက ၎င်းတို့လိုလားသည့် လမ်းစဉ် အကောင်အထည်ဖော်မှုအပေါ် မူတည်၍ ဆိုရှယ်ဒီမိုကရေစီ ကျင့်သုံးမှုပုံစံ အမျိုးမျိုးကွဲပြားလျက်ရှိသည်။ အဆိုပါ နိုင်ငံရေးဇာတ်ကောင်များသည်လည်း ၎င်းတို့၏ နိုင်ငံရေးရည်မှန်းချက် အကျိုးစီးပွားအတွက် အသုံးမည့်မည်ဆိုပါက ဆိုရှယ်ဒီမိုကရေစီ သဘောတရားအခြေခံနှင့် တစုံတရာ ကိုက်ညီမှု ရှိ/မရှိ၊ ဆက်နွယ်ပတ်သက်မှု ရှိ/မရှိ စသည်တို့ကို ထည့်တွက်ခြင်းမရှိဘဲ ဆိုရှယ်ဒီမိုကရေစီကို မိမိတို့လမ်းစဉ်၏ ဆိုင်းဘုတ်တစ်ခုအနေဖြင့် လက်ခံအသုံးပြုတတ်ကြသည်ဟု နိုင်ငံရေးသဘောတရားပညာရှင် သောမတ်စ်မီယာကဆိုသည်။

သို့ဖြစ်ရာ ဆိုရှယ်ဒီမိုကရေစီအား သဘောတရားရေးစံနှုန်းတစ်ခုအဖြစ်သာမက နိုင်ငံရေးပါတီတစ်ခု၏ လမ်းစဉ်တစ်ရပ်အဖြစ်လည်း သတ်မှတ်နိုင်သည်။ အဆိုပါ သတ်မှတ်ချက်နှစ်ရပ်သည် တချို့အခြေအနေများ၌ အပြန်အလှန်ဆက်နွယ်နေသော်လည်း အမြဲတမ်း တစ်ထပ်တည်းကျနေခြင်းမျိုး မဟုတ်ပေ။ သဘောတရားစံနှုန်းတစ်ရပ်အနေဖြင့်ဆိုပါမူ ဆိုရှယ်ဒီမိုကရေစီအား ၎င်း၏ အခြေခံစံနှုန်းများ တန်ဖိုးများဖြင့် စစ်ဆေးအကဲဖြတ်ရန်ဖြစ်သည်။ သို့သော် ဆိုရှယ်ဒီမိုကရက်ပါတီများက အဆိုပါစံနှုန်းများ တန်ဖိုးများနှင့် ကိုက်ညီမှု ရှိ/မရှိဆိုသည်မှာ သီးခြားပြဿနာ ဖြစ်ပေလိမ့်မည်။

ယခုစာစုတွင် ဆိုရှယ်ဒီမိုကရက်ပါတီများ၏ လက်တွေ့များထက် ဆိုရှယ်ဒီမိုကရေစီသဘောတရားကို အခြေခံစံနှုန်းတစ်ခုအဖြစ် လေ့လာတင်ပြမည်ဖြစ်ပြီး၊ တင်ပြရာတွင် သောမက်စ်မီယာ၏ ဆိုရှယ်ဒီမိုကရေစီသဘောတရားကို အဓိကထား ရည်ညွှန်းသွားမည် ဖြစ်သည်။

မီယာ၏ ဆိုရှယ်ဒီမိုကရေစီသဘောတရားက ဒီမိုကရေစီနှင့် ဈေးကွက်အရင်းရှင်စနစ် ဆက်ဆံရေးကို အခြေခံသည်။ ဒီမိုကရေစီနှင့် ဈေးကွက်အရင်းရှင်စနစ်ကို လူမှုစီးပွားရေးတစ်ရပ်၏ မရှိမဖြစ်လိုအပ်သော သွင်ပြင်လက္ခဏာများအဖြစ် သတ်မှတ်ပြီး၊ တပြိုင်နက်တည်းတွင် အဆိုပါလက္ခဏာနှစ်ရပ်၏ တစ်စုံတရာ ဆန့်ကျင်ဘက်(ရန်ဘက်)အသွင်သို့ ဦးတည်သွားတတ်ပုံကိုလည်း ထောက်ပြထား၏။ ထို့ကြောင့် အရင်းရှင်စနစ်နှင့် ဒီမိုကရေစီ(လစ်ဘရယ်ဒီမိုကရေစီ)တို့ တစ်ခုနှင့်တစ်ခု အပြန်အလှန် အထောက်အကူပြုနေကြသည်။ ဒီမိုကရေစီပေါ်ထွန်းရေးနှင့် ဒီမိုကရေစီစနစ်တည်ငြိမ်ရေးတို့အတွက် ဈေးကွက်အရင်းရှင်စနစ်သည် လိုအပ်ချက်တစ်ရပ် ဖြစ်သည်။ အခြားတစ်ဖက်ကလည်း အထိန်းအကွပ်မဲ့ဈေးကွက်က အားလုံးပါဝင်ခွင့်ရှိရေးဆိုသည့် ဒီမိုကရေစီအခြေခံကို ပျက်စီးစေသောကြောင့် ထို အသွင်အပြင်လက္ခဏာနှစ်ရပ်ကြား တင်းမာမှုဖြစ်လေ့ရှိသည်ဟု မီယာကဆိုသည်။

အရင်းရှင်စီးပွားရေးစနစ်နှင့် ဒီမိုကရေစီတို့အကြား ဆက်ဆံရေးကို မီယာက နှစ်ပိုင်းခွဲ သုံးသပ်တင်ပြခဲ့သည်။ ပထမအပိုင်းက သမိုင်းအရ ဒီမိုကရေစီဖြစ်ပေါ်တိုးတက်လာသည့် အခြေခံများကို လေ့လာဆန်းစစ်မှု ဖြစ်သည်။ နောက်တစ်ပိုင်းက လက်ရှိလူ့အဖွဲ့အစည်းများရှိ ဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်တို့ အပြန်အလှန်ဆက်နွယ်ပုံ လက်တွေ့ဖြစ်စဉ်များကို လေ့လာဆန်းစစ်မှုတို့ ဖြစ်ကြသည်။

သမိုင်းရေးအရ ဥရောပ၌ ဒီမိုကရေစီ ဖြစ်ထွန်းပေါ်ပေါက်လာခြင်းသည် အဓိကအားဖြင့် လွတ်လပ်သည့်ဈေးကွက်များ ပေါ်ထွန်းလာသောကြောင့်(သို့တည်းမဟုတ် ပေါ်ထွန်းလာမှုနှင့် တိုက်ရိုက်ဆက်နွယ်မှုကြောင့်) ဖြစ်သည်။ ထိုကဲ့သို့သောဖြစ်စဉ်များသည် နိုင်ငံအသီးသီး၌ မတူညီသည့် အချိန်ကာလအပိုင်း

အခြားများတွင် ဘူဇွာလူ့အဖွဲ့အစည်း ပုံသဏ္ဌာန်အနေဖြင့် ဖြစ်ပေါ်တိုးတက်လာကြခြင်း ဖြစ်သည်။ လွတ်လပ်သည့်ဈေးကွက်များ၊ စက်မှုဘူဇွာလူတန်းစားများ၊ ပြည်သူ့အခွင့်အရေးများနှင့် လွတ်လပ်ခွင့်ရှိရေး စိတ်ကူးအိုင်ဒီယာများ၊ အဆိုပါ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များအား နိုင်ငံတော်၏အာမခံမှု စသည်ဖြင့် အပြန်အလှန်မှီခိုလျက် ဖြစ်ပေါ်တိုးတက်လာခြင်း ဖြစ်ပြီး သီးခြားခွဲထား၍မရနိုင်ဟု ဆိုသည်။

မီယာ့အဆိုပြုချက်ကို ထောက်ခံသော လက်တွေ့လေ့လာဆန်းစစ်သည့် သုတေသနများ အများအပြား ရှိလာသည်။ ဒီမိုကရေစီပေါ်ထွန်းရေး၌ လွတ်လပ်သည့်ဈေးကွက်စီးပွားရေးများ၏ အပေါင်းလက္ခဏာဆောင်သော ဩဇာလွှမ်းမိုးမှု ရှိသည်ဟု အဆိုပါ သုတေသနရလဒ်များက အခိုင်အမာ သက်သေပြနေကြသည်။ သို့သော်လည်း ဆန့်ကျင်ဘက်ဖြစ်စဉ်ကို ပြနေသည့် လက်တွေ့သာဓက အထောက်အကူများကလည်း တစ်ပြိုင်နက်တည်း တည်ရှိနေသည်။ ယင်းတို့မှာ စီးပွားရေးပါဝါများက နိုင်ငံရေးနယ်ပယ်၌ ထိုးဖောက်ဝင်ရောက်ချယ်လှယ်နေမှုများ၊ လက်ဝါးကြီးအုပ်မှုကြောင့် ဒီမိုကရေစီနည်းကျ ပါဝင်ဆောင်ရွက်ခွင့်ကို ထိပါးနေခြင်းများပင် ဖြစ်သည်။ သို့ဖြစ်ရာ ဒီမိုကရေစီနှင့် အရင်းရှင်စနစ်တို့အကြား ဆက်ဆံရေးကို သာမန်ရိုးစင်းသည်ဟု မှတ်ယူ၍ မရနိုင်။ ဝိရောဓိများ ဆန့်ကျင်ဖက်များ တပြိုင်နက်တည်း ဖြစ်တည်နေသည်မှာ အသေအချာပင် ဖြစ်သည်။ ထို့ကြောင့် သမိုင်းဖြစ်စဉ်ကို လေ့လာရုံတင်မက လက်ရှိဖြစ်ရပ်များအပေါ် နှိုင်းယှဉ်လေ့လာရန်လည်း လိုအပ်သည်ဟု ဆိုခြင်းပင်။

ဈေးကွက်အရင်းရှင်စနစ်အား ဒီမိုကရေစီအခြေခံများ လူမှုတန်းတူရေးအခြေခံများဖြင့် ဆက်စပ်ကြည့်သည့်အခါ ဈေးကွက်အရင်းရှင်စနစ်က လူ့အဖွဲ့အစည်းအတွင်း စီးပွားရေးအရ မညီမျှမှုများ ဖြစ်ပေါ်စေသည်ကို တွေ့ရသည်။ ရုပ်ဝတ္ထုပစ္စည်း အရင်းအမြစ်များ ဖြန့်ခွဲမှု မမျှတခြင်းက လူ့အဖွဲ့အစည်းအတွင်း ဒီမိုကရေစီနည်းကျ တန်းတူပါဝင်ခွင့် အခွင့်အလမ်းများကို မညီမမျှဖြစ်စေ၏။ လက်ရှိကာလ၌ ဈေးကွက်အရင်းရှင်စနစ်သည် ကမ္ဘာလုံးဆိုင်ရာအတိုင်းအတာဖြင့် တိုးတက်ဖြစ်ထွန်းလည်ပတ်နေပြီး ဒီမိုကရေစီနည်းကျပါဝင်ဆောင်ရွက်မှုကတော့ နိုင်ငံနယ်နိမိတ်အဆင့် အတွင်းမှာပဲ ရှိနေသည်။ ဤအခြေအနေကြောင့် ဈေးကွက်အရင်းရှင်စနစ်က နိုင်ငံအလိုက်တည်ရှိနေသည့် ဒီမိုကရေစီအဆောက်အအုံများအား သွက်ချာပါဒဖြစ်စေသည်။ ဈေးကွက်အရင်းရှင်စနစ်အတွင်း၌ မညီမျှမှုနှင့် မသေချာမရေရာမှုတို့ကို ဖြစ်စေသော တွန်းအားစုများ ပါဝင်နေသည်။ ထို့ကြောင့်ပင် ဒီမိုကရေစီတရားဝင်မှုနှင့် တည်ငြိမ်မှု အခြေခံတို့ကို ယုတ်လျော့ချိနဲ့စေခြင်း ဖြစ်သည်။ ဤတွင် ဈေးကွက်လွတ်လပ်မှုနှင့် လူ့အဖွဲ့အစည်းအတွင်း လူတစ်ဦးချင်းစီ၏ လွတ်လပ်မှုတို့ တစ်ခုနှင့်တစ်ခု ပဋိပက္ခဖြစ်နေသည်မှာ အမှန်ပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေ ထိုကဲ့သို့သော အခြေအနေအပေါ် မီယာ၏ သဘောတရားက ''အဆိုပါ ပဋိပက္ခများနှင့် တင်းမာမှုများကို ဖျက်သိမ်း၍ မရနိုင်သကဲ့သို့ တည်ရှိနေမှုကို ငြင်းပယ်၍လည်း မရနိုင်၊ ပုံသွင်းပြုပြင်ရလိမ့်မည်'' ဟုဆိုသည်။ ယင်းမှာ မီယာ့သဘောတရား၏ အနှစ်သာရပင် ဖြစ်သည်။

ထို့အပြင် မီယာက ဆိုရှယ်ဒီမိုကရေစီ၏ သဘောတရား အယူအဆပုံစံကို အခြား လစ်ဘရယ်သဘောတရား အယူအဆပုံစံများနှင့်လည်း နှိုင်းယှဉ်တင်ပြခဲ့သည့် ဆက်နွယ်ပတ်သက်မှုတို့ကိုလည်း ဖော်ထုတ်ပြခဲ့သည်။ မီယာ၏ တင်ပြချက်တွင် လစ်ဘရယ်သီဝရီက ဆင်းသက်လာသည့် စိတ်ကူးပုံစံ သဘောတရားနှစ်ရပ်အား ခွဲခြားပြခဲ့သည်။ ယင်းတို့မှာ လစ်ဘာတာရီယမ်ဝါဒနှင့် ဆိုရှယ်ဒီမိုကရေစီတို့ ဖြစ်သည်။

လစ်ဘာတာရီယမ်ဝါဒနှင့် ဆိုရှယ်ဒီမိုကရေစီ သဘောတရား နှစ်ရပ်စလုံးသည် ၁၇ ရာစုနှင့် ၁၈ ရာစု ဉာဏ်အလင်းပွင့်ခေတ်၌ စတင်ပေါ်ထွန်းလာခဲ့သည့် လစ်ဘရယ်ဒီမိုကရေစီ အခြေခံပေါ်မှ ဆင့်ကဲပေါက်ဖွားလာကြသော်လည်း စံတန်ဘိုးများအရသော်လည်းကောင်း၊ သဘောတရားသီဝရီအရသော်လည်းကောင်း၊ လက်တွေ့အချက်လက်များအရသော်လည်း ကောင်း ကွဲပြားခြားနားကြသည်။ ထို့အပြင် သဘောတရားနှစ်ရပ်လုံးအား စိတ်ကူးစံပုံစံများ(Ideal Types)အနေဖြင့်သာ သတ်မှတ်ရမှာဖြစ်ပြီး အဆိုပါသဘောတရားများနှင့် အလုံးစုံကိုက်ညီသည့် လက်တွေ့ကျင့်သုံး အကောင်အထည်ဖော်မှုမျိုးကို မည်သည့်နေရာဒေသတွင်မှ မြင်တွေ့ရခြင်း မရှိပေ။ နိုင်ငံများအလိုက် လက်တွေ့ကျင့်သုံးမှု အခြေအနေပေါ်မူတည်ပြီး ဤ သဘောတရားနှစ်ရပ်အကြား မည်သည့်သဘောတရားပုံစံဘက် ပိုယိမ်းနေသည်ဟု အမျိုးအစား ခွဲခြားသတ်မှတ်ရန် ဖြစ်သည်။

လစ်ဘရယ်ဒီမိုကရေစီဆိုသည်က ဥရောပလစ်ဘရယ် အစဉ်အလာပေါ်တွင် မြစ်ဖျားခံလာခြင်း ဖြစ်သည်။ လွတ်လပ်မှု တန်းတူညီမျှမှုနှင့် သွေးစည်းချစ်ကြည်မှု စသည့်ပြင်သစ်တော်လှန်ရေး စံတန်ဘိုးများကို အခြေခံသော အစဉ်အလာဖြစ်သည်။ ယေဘုယျအားဖြင့် လူ့အခွင့်အရေးကို အခြေခံသော တရားဥပဒေစိုးမိုးရေးအောက်၌ ပဒေသာစုံဒီမိုကရေစီကျင့်သုံးမှုဟူ၍ ဆိုနိုင်သည်။ ထိုကဲ့သို့သော လစ်ဘရယ်ဒီမိုကရေစီ အခင်းအကျင်းအောက်တွင် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ နိုင်ငံရေး တိမ်းညွတ်မှုနှင့် နိုင်ငံရေးပါတီတို့၏ လက်တွေ့နိုင်ငံရေး ရပ်တည်ချက်များအရ လစ်ဘာတာရီယမ်ဝါဒနှင့် ဆိုရှယ်ဒီမိုကရေစီ စိတ်ကူးစံပုံစံနှစ်ခုအကြား သီဝရီအရကွဲပြားမှုကို မီယာက ခွဲခြားပြခဲ့သည်။

သဘောတရားအယူအဆပုံစံ တစ်ရပ်အဖြစ် လစ်ဘာ

တာရီယမ် ဒီမိုကရေစီဟူ၍ သတ်မှတ်ပြောဆိုနိုင်သည့် သွင်ပြင်လက္ခဏာများမှာ–

– လူမှုတာဝန်ကင်းသည့် ပုဂ္ဂလိကပစ္စည်းပိုင်ဆိုင်မှု

– စည်းမျဉ်းဘောင် အကန့်အသတ်မရှိသော လွတ်လပ်သည့် ဈေးကွက်

– ဒီမိုကရေစီကျင့်သုံးမှုကို နိုင်ငံရေးနယ်ပယ်တွင်သာ ကန့်သတ်ထားရှိပြီး အနှုတ်လက္ခဏာဆောင်သည့် ပြည်သူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့်တို့အား အာမခံမှု

– လူမှုရေးနှင့် စီးပွားရေးနယ်ပယ်များတွင် အခြေခံအခွင့်အရေးများ တည်ရှိမှု

– အဆိုပါအခြေခံအခွင့်အရေးများအား တရားဝင်အရသာမက လက်တွေ့တွင်ပါ အာမခံကျင့်သုံးမှုရှိသည့် လူ့အဖွဲ့အစည်းတစ်ရပ်အဖြစ် တည်ရှိမှု

– အပေါင်းလက္ခဏာနှင့် အနှုတ်လက္ခဏာဆောင်သည့် ပြည်သူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့်တို့အား တရားဝင်အရသာမက လက်တွေ့တွင်ပါ ကျင့်သုံးအကောင်အထည်ဖော်မှုတို့ ဖြစ်ကြသည်။

မိယာ၏အဆိုအရ ဒီမိုကရေစီနှင့် ဈေးကွက်အရင်းရှင်စနစ်အကြား တည်ရှိနေသည့် ပဋိပက္ခဖြစ်မှုများနှင့် တင်းမာမှုအခြေအနေများမှာ နေရာတိုင်း အခြေအနေတိုင်းတွင် တစ်ပုံစံတည်း ပုံသေကားချဖြစ်နေသည့် အနေအထားမျိုးတော့မဟုတ်ပေ။ လူ့အဖွဲ့အစည်းတစ်ရပ်အတွင်းရှိနေသည့် လူမှုဇာတ်ကောင်များအကြား စေ့စပ်ညှိနှိုင်းမှုဖြစ်စဉ်များအရ ဖြစ်ပေါ်နေခြင်း ဖြစ်သည်။ ဤနှစ်ရပ်ကြား အင်အားချိန်ခွင်လျှာ အနေအထားသည် သက်ဆိုင်ရာနိုင်ငံတစ်ခု၌ အခြေအနေအချိန်အခါအလိုက် ပြောင်းလဲနိုင်ပြီး ဆက်ဆံရေးပုံစံသစ်တစ်ရပ်ဆီသို့ ရွေ့လျားပြောင်းလဲသွားတတ်သည်ဟု ဆိုသည်။

ထို့ကြောင့် ချုပ်၍ဆိုရသော် လူ့အဖွဲ့အစည်းများအလိုက် လစ်ဘရယ်ဒီမိုကရေစီနိုင်ငံရေးဖြစ်စဉ်အတွင်း လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် သွေးစည်းချစ်ကြည်မှု စံတန်ဘိုးများအား လက်ခံကျင့်သုံးမှု၊ ထိုသို့ လက်တွေ့အကောင်အထည်ဖော်မှု ဖြစ်စဉ်တွင် အထူးသဖြင့် ပြည်သူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့်တို့နှင့် ပတ်သက်၍ ဒီမိုကရေစီနှင့် ဈေးကွက်လွတ်လပ်မှုတို့၏ ဆက်ဆံရေးဖွဲ့စည်း တည်ဆောက်ထားရှိမှုပေါ် မူတည်ကာ ဆိုရှယ်ဒီမိုကရေစီနှင့် အခြားလစ်ဘရယ်ဒီမိုကရေစီကျင့်သုံးမှုပုံစံများ ကွဲပြားခြားနားသည်ကို တွေ့ရှိရပေသည်။

■ ဇော်ဇော်ထွန်း

**ရည်ညွှန်း**


Foundations of Social Democracy by Tobias Gombert(2009)


# ဖဒိုမန်းရှာ လုပ်ကြံသတ်ဖြတ်ခံရခြင်း ၉ နှစ်ပြည့်အခမ်းအနားကျင်းပ



KNU အထွေထွေအတွင်းရေးမှူး ဖဒိုမန်းရှာ လုပ်ကြံသတ်ဖြတ်ခံရခြင်း ၉ နှစ်မြောက် နှစ်လည်အောက်မေ့ဖွယ်အခမ်းအနားနှင့် ကြေးရုပ်တုဖွင့်ပွဲကို ဖဒိုမန်းရှာ၏ ဇာတိ ပန်းတနော်မြို့နယ် တောကျောင်းကျေးရွာ၌ ဖေဖော်ဝါရီ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ဦးစွာ ကြေးရုပ်တုကို ဒေသခံ ဆရာတော်များ၊ ကရင်အမျိုးသားနိုင်ငံရေး၊ လူမှုရေး အဖွဲ့အစည်းများ၊ ဒေသခံကရင်အမျိုးသားများက ဖွင့်လှစ်ပေးခဲ့ပြီး ဖဒိုမန်းရှာ၏ ကိုယ်ရေးအကျဉ်းကို ဖတ်ကြားခဲ့သည်။ အခမ်းအနားကို ဖန်းဖောင်ဒေးရှင်း၏ ဆုပေးပွဲနှင့် တွဲဖက်ပြုလုပ်ခဲ့ပြီး ဆရာတော် သံဃာတော်များ၊ ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားပါတီ၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး၊ တက်ကြွလှုပ်ရှားသူများ၊ ကရင်လူမှုအဖွဲ့အစည်းများ၊ ကရင်အမျိုးသားများနှင့် ပဒိုမန်းရှာ၏ နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များ တက်ရောက်ခဲ့ကြပါသည်။ အခမ်းအနားတွင် ဖဒိုမန်းရှာ၏ အကိုဖြစ်သူ မန်းတင်ရွှေက ကျေးဇူးတင်စကားပြောကြားပြီး ပါတီကိုယ်စား ဥက္ကဋ္ဌ ဦးအောင်မိုးဇော်က ဆရာမန်းရှာအမှတ်တရ စကား ပြောကြားခဲ့ပါသည်။

## တကသအဆောက်အဦ ပြန်လည်တည်ဆောက်ရေးဆိုင်ရာ အစည်းအဝေး



တကသအဆောက်အဦ ပြန်လည်တည်ဆောက်ရေးအတွက် ဖြစ်မြောက်ရေးကော်မတီ ဖွဲ့စည်းရန် ခေါင်းစဉ်ဖြင့် အစည်းအဝေးတရပ်ကို ၂၈၊၂၊၂၀၁၇ ရက်နေ့တွင် ရန်ကုန်မြို့၊ တော်ဝင်နှင်းဆီခန်းမတွင် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အထိ ကျင်းပခဲ့သည်။

အစည်းအဝေးမစခင်တွင် ပွဲကို ဦးဆောင်ခေါ်ယူသူများဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အတွင်းရေးမှူး ဦးဉာဏ်ဝင်းတို့အား အစည်းအဝေးခေါင်းစဉ်ကို တကသအဆောက်အဦ ပြန်လည်တည်ဆောက်ရေးကော်မတီ ဖွဲ့စည်းသည့်အစည်းအဝေးဟု သတ်မှတ်မည့်အစား သဘောထားစုစည်းသည့်အစည်းအဝေးအဖြစ် ပြောင်းလဲသတ်မှတ်သင့်ကြောင်း ပါတီမှ (၁၉၅၃–၂၀၁၇) ကျောင်းသားမျိုးဆက်များနှင့်အတူ သွားရောက်ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် (၁၉၅၃–၂၀၁၇) ကျောင်းသားမျိုးဆက်များကိုယ်စား ဦးဖေအောင်၊ ဦးငွေလင်း၊ ကိုအောင်ထက်အောင်နှင့် ကိုမင်းဆက်ပိုင်တို့က တက်ရောက်ဆွေးနွေးကြသည်။ တကသအဆောက်အဦ ပြန်လည်တည် ဆောက်ခြင်းကို အခြေခံအားဖြင့် သဘောတူကြောင်း၊ အဆောက်အဦထက် တစ်နိုင်ငံလုံးရှိ တက္ကသိုလ်ကောလိပ်ကျောင်းများအားလုံးတွင် သမဂ္ဂ၏ တရားဝင်တည်ရှိမှုနှင့် လွတ်လပ်စွာလှုပ်ရှားခွင့်ကို အာမခံဖို့က အဓိကလိုအပ်ချက်ဖြစ်ကြောင်း၊ တကသအဆောက်အဦ ဆောက်လုပ်ရေးကော်မတီကို ကျောင်းသားမျိုးဆက်အသီးသီးက ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်ဖြစ်ကြောင်း၊ ကျောင်းသားသမဂ္ဂတည်ရှိခွင့်နှင့် လွတ်လပ်စွာလှုပ်ရှားခွင့်ကို တစုံတရာ အာမခံချက်ရရှိပြီးမှသာ ကော်မတီဖွဲ့စည်းရေးအတွက် ကျယ်ပြန့်သည့် အစည်းအဝေးများ ပြုလုပ်ခြင်းက လက်တွေ့ ကျပြီး ပိုမိုအကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း Orchid ဟိုတယ် ဆွေးနွေးပွဲရရှိချက်များကို အခြေခံ၍ ကျောင်းသားမျိုးဆက်အသီးသီး၏ သဘောထားကို တင်ပြဆွေးနွေးခဲ့ပါကြသည်။

## ဦးညိုဝင်း(ရွှေကျင်၊ ပဲခူး) ကျဆုံးခြင်း ၂၆ နှစ်ပြည့်အခမ်းအနား



ရန်ကုန်တက္ကသိုလ်ကျောင်း သားညီညွတ်ရေးတပ်ဦး ဥက္ကဌ၊ ဒီမိုကရေစီမဟာမိတ်များအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး၊ ပြည်သူ့တိုးတက်ရေးပါတီ အတွင်းရေးမှူးအဖွဲ့ဝင် ဦးညိုဝင်း(ရွှေကျင်)၏ အင်းစိန်ထောင်တွင်း၌ ကျဆုံးခြင်း ၂၆ နှစ်ပြည့် အခမ်းအနားကို ၈၊၂၊၁၇ ရက်နေ့ နံနက်ပိုင်းက တောင်ဥက္ကလာပ စိတ်တိုင်းကျစားသောက်ဆိုင်တွင် ပြုလုပ်ခဲ့ရာ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ လူ့ဘောင်သစ်လူငယ်၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ငြိမ်းချမ်းရေးကွန်ရက်၊ မြန်မာနိုင်ငံစာရေးဆရာများသမဂ္ဂ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများ၊ ကိုကိုးကျွန်းပြန်နိုင်ငံရေးအင်အားစု၊ ဦးညိုဝင်းကို ချစ်ခင်လေးစားသူများ၊ မိသားစုဝင်များ တက်ရောက်ခဲ့ပြီး ဦးလှရွှေ(ပြည်သူ့တိုးတက်ရေးပါတီ)၊ ဦးလေးမြင့်(ပြည်သူ့တိုးတက်ရေးပါတီ)၊ ဦးဖေအောင်(ကိုကိုးကျွန်းပြန်နိုင်ငံရေးအင်အားစု)၊ ဦးငွေလင်း(လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ)၊ ဦးထွန်းဝင်းငြိမ်း(ဆရာကြီးသခင်ကိုယ်တော်မှိုင်း ငြိမ်းချမ်းရေးကွန်ရက်)၊ ဦးလင်းထင်(မြန်မာနိုင်ငံစာရေးဆရာသမဂ္ဂ)တို့က ဂုဏ်ပြုအမှတ်တရစကား ပြောကြားခဲ့ကြပါသည်။

## ဆရာကြီးသခင်ကိုယ်တော်မှိုင်း ၁၄၁ နှစ်မြောက်မွေးနေ့အခမ်းအနား ကျင်းပ



ဆရာကြီး သခင်ကိုယ်တော်မှိုင်း (၁၄၁) နှစ်မြောက်မွေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ၂၃၊၃၊၁၇ ရက်နေ့နံနက်တွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ သခင်ကိုယ်တော်မှိုင်းဂူဗိမာန်၌ ကျင်းပခဲ့ပါသည်။ အခမ်းအနားတွင် သခင်ကိုယ်တော်မှိုင်း ဂူဗိမာန်စောင့်ရှောက်ရေးအဖွဲ့နှင့် သခင်ကိုယ်တော်မှိုင်း ငြိမ်းချမ်းရေးကွန်ရက်တို့၏ နာယကများဖြစ်ကြသည့် ဆရာဦးအုံ့မောင်(မုံရွာ)နှင့် ဆရာမကြီး ဒေါ်ခင်ဆွေဦး၊ ဦးစိုးနိုင်(ဗဟိုကော်မတီဝင် – ကယန်းပြည်သစ်ပါတီ)၊ ဦးအောင်မိုးဇော်(ဥက္ကဋ္ဌ – လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ)၊ ဦးတင်အေးကြူ( မိုင်းရာပြည့် – ကျောင်းသားခေါင်းဆောင်)၊ ကိုအောင်ထက်အောင်(ဗဟိုလုပ်ငန်းကော်မတီဝင် – ဗကသများအဖွဲ့ချုပ်)တို့က ဂုဏ်ပြုအမှတ်တရစကား ပြောကြားခဲ့ကြပါသည်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ငြိမ်းချမ်းရေးကွန်ရက်၊ လူ့ဘောင်သစ်လူငယ်၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ ပြည်ခရိုင် မိုင်းငြိမ်းကွန်ရက်၊ ၇၄–၇၅–၇၆ နိုင်ငံရေးအင်အားစုတို့ကလည်း သဝဏ်လွှာများ ပေးပို့ဂုဏ်ပြုခဲ့ကြပါသည်။

---

## ဒီမိုကရေစီပညာရေး ပင်မသပိတ်စစ်ကြောင်း အကြမ်းဖက်ခံရခြင်း ၂ နှစ်ပြည့်အခမ်းအနား



ဒီမိုကရေစီပညာရေး ပင်မသပိတ်စစ်ကြောင်း အကြမ်းဖက်ခံရခြင်း ၂ နှစ်ပြည့်အခမ်းအနားကို ၁၀၊၃၊၁၇ ရက်နေ့ နံနက် ၁၀း ၁၀ နာရီအချိန်တွင် လက်ပံတန်းမြို့၊ အောင်မြေဗိမာန် ကျောင်းတိုက်၌ ဗကသများအဖွဲ့ချုပ်က ဦးစီးကျင်းပခဲ့ပါသည်။ အခမ်းအနားတွင် ဗကသများအဖွဲ့ချုပ်မှ ကိုမင်းသူရှိန်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး အောင်မြေဗိမာန် ကျောင်းထိုင်ဆရာတော်က ဩဝါဒကထာ မြွက်ကြားပေးခဲ့ပါသည်။ ထို့နောက် အဖွဲ့အစည်းအသီးသီးမှ ပေးပို့လာသော သဝဏ်လွှာများ ဖတ်ကြား ခဲ့ပြီး သပိတ်တွင် ပါဝင်ခဲ့သူများကလည်း အမှတ်တရစကား ပြောကြားပေးခဲ့ကြပါသည်။ အခမ်းအနားသို့ ဗကသများအဖွဲ့ချုပ်၊ အကသ၊ လူ့ဘောင်သစ်လူငယ်၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ငြိမ်းချမ်းရေးကွန်ရက်၊ လူငယ်ကဗျာဆရာများသမဂ္ဂ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများ၊ ကျောင်းသားမိဘများ၊ သပိတ်တွင်ပါဝင်ခဲ့သူများ၊ ဒေသခံများ တက်ရောက်ခဲ့ကြပါသည်။ ပါတီမှပေးပို့သောသဝဏ်လွှာကို ပါတီအတွင်းရေးမှူး(၂) ဒေါ်နှင်းနှင်းမွှေးက ဖတ်ကြားခဲ့ပြီး လူ့ဘောင်သစ်လူငယ်မှ ပေးပို့သောသဝဏ်လွှာကို လူငယ်ဗဟိုလုပ်ငန်းကော်မတီဝင် ကိုစည်သူကောင်းမြတ်က ဖတ်ကြား ခဲ့ပါသည်။ လူငယ်အတွင်းရေးမှူး အိသဥ္ဇာမောင်ကလည်း အမှတ်တရစကား ပြောကြားခဲ့ပါသည်။